# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ စနေနေ့ (7-4-2012) (၇၀၈၈)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Huynh Ngoc Son ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung လည်း တက်ရောက်သည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေး၊ နှစ်နိုင်ငံ အစိုးရနှင့် လွှတ်တော်များအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

**လက်ခံတွေ့ဆုံ**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Huynh Ngoc Son ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

# ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၀/၂၀၁၂)

**၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်**
**(၂၀၁၂ ခုနှစ်၊ ဧပြီလ ၆ ရက်)**

## ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉)တို့အရ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်နှင့် ဦးချန်မောင်တို့အား သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးများအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ယနေ့သတင်းအညွှန်း


မန္တလေးမြို့နှင့် အနီးတစ်ဝိုက် ဆီးဖြူသီးခန့် မိုးသီးများ ရွာသွန်း — ပြည်တွင်းသတင်း စာမျက်နှာ ၆

မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုများကို ဖယ်ရှားရန် တရုတ်တောင်းဆို — နိုင်ငံတကာသတင်း စာမျက်နှာ ၅

ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်များနှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ စစ်တွေဟိုတယ်၌ ပြေလည်မှုရရှိသည်အထိ ညှိနှိုင်းဆွေးနွေး — ပြည်တွင်းသတင်း စာမျက်နှာ ၁၀

အင်တာနက်မှ ကောလာဟလထုတ်လွှင့်မှု တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သတင်းစာ သတိပေး — နိုင်ငံတကာသတင်း စာမျက်နှာ ၅

## ကြေးမုံစာတည်းရှုထောင့်

၇-၄-၂၀၁၂(စနေနေ့)။

# အကျိုးရှိစွာ ပြန်လည်အသုံးချမှု နိုင်ငံလှ

မြန်မာနိုင်ငံရှိမြို့ကြီးများတွင် လူဦးရေထူထပ်များပြားလာသည်နှင့် အမျှ စွန့်ပစ်အမှိုက်သရိုက်များမှာလည်း တောင်လိုပုံကာ တစ်နေ့တခြား ထုထည်ကြီးမားလာသည်ကို တွေ့မြင်နေရသည်။ မြန်မာနိုင်ငံ၏ မြို့ကြီး နှစ်မြို့ဖြစ်သော ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ လူတို့အသုံးပြုပြီး စွန့်ပစ် အမှိုက်များမှာ မြို့ပြအင်္ဂါရပ်ကို မှေးမှိန်စေသည့်အပြင် မြို့လူထု၏ ကျန်းမာရေးအတွက် ဂရုပြုစရာအချက်များဖြစ်သည်ကို သုံးသပ်တွေ့ရှိရ သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ တစ်ရက်လျှင် အမှိုက်တန်ချိန် ၁၆၀၀ ကျော်နှင့် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ လည်း တစ်ရက်လျှင် အမှိုက်တန်ချိန် ၃၀၀ ကျော်ထွက်ရှိကြောင်း စည်ပင် သာယာရေးကော်မတီများက လေ့လာတွေ့ရှိခဲ့ရာ ထိုနှစ်မြို့တည်းပင် တစ်လ အမှိုက်တန်ချိန် ၅၇၀၀၀ ထွက်ရှိမည်ဖြစ်သည်။

အဆိုပါအမှိုက်အမျိုးအစားများထဲတွင် အော်ဂဲနစ် ၇၉ ရာခိုင်နှုန်း၊ စက္ကူနှင့်ချည်မျှင် ၁၃ ရာခိုင်နှုန်း၊ ပလတ်စတစ် ၁၀ ရာခိုင်နှုန်းနှင့် ကျန်ပစ္စည်းများမှာ ရှစ်ရာခိုင်နှုန်းရှိကြောင်း ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန အဆိုအရ သိရှိရသည်။ အဆိုပါအမှိုက်များမှာ ယခင်က မြို့နေပြည်သူ များက နီးစပ်ရာသင့်ရာနေရာများတွင် လည်းကောင်း၊ သတ်မှတ်ထား သော အမှိုက်ပုံများတွင် လည်းကောင်း စွန့်ပစ်လျက်ရှိကြသကဲ့သို့ စည်းကမ်းမရှိ ကြုံသလိုစွန့်ပစ်မှုများလည်း ရှိနေသည်ကို တွေ့ရှိရပေ သည်။ အများစုမှာ ကြုံလျှင်ကြုံသလို လွယ်လင့်တကူ စွန့်ပစ်လိုက်ကြ သည်က များပေသည်။

ကျွန်ုပ်တို့နိုင်ငံရှိ မြို့ကြီးများအား သန့်ရှင်းသော၊ အဆင့်မြင့်သော မြို့ကြီးများဖြစ်လာစေရန် ဆောင်ရွက်ကြရာ၌ နိုင်ငံသူနိုင်ငံသားများ၏ စည်းကမ်းတကျ အမှိုက်စွန့်ပစ်မှုများသည် နိုင်ငံကြီးသားပီသခြင်း၊ သစ်လွင်လှပခြင်းဟူသည့် နိုင်ငံ၏ပုံရိပ်ကို ဖော်ဆောင်ပေးရာ ရောက်သဖြင့် စည်ပင်သာယာရေးဝန်ထမ်းများ၏ တာဝန်တစ်ရပ်ဟုသာ သဘောမထားဘဲ အသိစိတ်ဓာတ်ရှိရှိ ပြည်သူအားလုံး ပါဝင်လက်တွဲ ဆောင်ရွက်ကြဖို့ လိုမည်ဖြစ်သည်။

ယခုအခါ ခေတ်မီတိုးတက်ပြောင်းလဲလာသော နိုင်ငံတကာ နယ်ပယ်၌ ခေတ်စနစ်နှင့်အညီ စွန့်ပစ်အမှိုက်များကို နည်းပညာအသုံး ပြု၍ ပြန်လည်အသုံးချလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာ နည်းပညာအကူအညီများကို ရယူ၍ စွန့်ပစ်ပစ္စည်းကင်းစင်ရေး ကုစားနည်းများကို ကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှိုက်စိုနှင့်အမှိုက်ခြောက် ခွဲခြားစွန့်ပစ် သည့် စနစ်ကိုကျင့်သုံးရမည်ဖြစ်ရာ ပြည်သူများမှ အသိစိတ်ဓာတ်ရှိရှိ ပါဝင်ဆောင်ရွက်ကြမည်ဟု မျှော်လင့်ပါသည်။ ထိုအစီအစဉ်ကို ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီမှ ယခုလ ၁ ရက်နေ့မှစတင်၍ ကျင့်သုံးဆောင်ရွက်သွားမည်ဟု ဆိုထားပါသည်။

ထိုအစီအစဉ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဆီလျော်သည့်စနစ် ဖြစ်ပြီး စွန့်ပစ်အမှိုက်များမှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ခြင်း၊ သဘာဝမြေဩဇာများပါ ပြန်လည် ရရှိနိုင်ခြင်းနှင့် ခေတ်မီသန့်ရှင်းလှပသည့် မြို့ကြီးပြကြီးများ ဖြစ်ပေါ် လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ စနစ်တကျ ပြန်လည်အသုံးချခြင်းလုပ်ငန်းများ အောင်မြင်ထမြောက်စေရန်အတွက် နိုင်ငံသူနိုင်ငံသားအားလုံးက မြို့ကြီးသားများပီသစွာဖြင့် မြို့စည်ပင် သာယာရေးဝန်ထမ်းများနှင့် အတူလက်တွဲ၍ မိမိမြို့၊ မိမိနိုင်ငံသန့်ရှင်းရ မည်ဆိုသည့် အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အသိပေးတိုက်တွန်းလိုက်ရပါသည်။ ။

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၆ - ၄ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
| --- | --- | --- |
| မြန်မာ(ကျပ်) | ၈၂၃. ၀၀၀ | ၀. ၀၀၁၂၂ |
| ထိုင်း (ဘတ်) | ၃၁. ၀၁၅၀ | ၀. ၀၃၂၂၄ |
| တရုတ် (ယွမ်) | ၆. ၃၀၆၂၈ | ၀. ၁၅၈၅၇ |
| အိန္ဒိယ (ရူပီး) | ၅၁. ၁၀၉၆ | ၀. ၀၁၉၅၇ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၆၆၂၉ | ၀. ၃၂၆၁၃ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၆၀၇၁ | ၀. ၇၉၃၂၁ |
| ဂျပန် (ယန်း) | ၈၁. ၅၆၁၀ | ၀. ၀၁၂၂၆ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၉. ၂၇ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၆၄၃၇ | ၁. ၃၀၈၂၆ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၉၉၇ | ၁. ၅၈၇၃၇ |

**အင်တာနက်။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Huynh Ngoc Son ဦးဆောင်သော အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung လည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်လုပ်ငန်း ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Huynh Ngoc Son အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေးအစည်းအဝေး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**နေပြည်တော် ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် ဧပြီ ၄ ရက် နံနက်ပိုင်း တွင် မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၁၃၇၃ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက် ရောက်အမှာစကားပြောကြားပြီး မွန်းလွဲပိုင်း တွင် စစ်ကိုင်းတိုင်းဒေသကြီး ပြည်တွင်း အခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြုပြင်ပြောင်းလဲသော အခွန် ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ အမိန့် ကြေညာချက်များ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ဧပြီ ၅ ရက် နံနက်ပိုင်းတွင် ဘုတလင် မြို့နယ် ငပယင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ရွှေနန်းထိုက် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးမြင့်စိုးနှင့် ကျောင်းဆောင် သစ် အလှူရှင် ဦးအေးကိုတို့က ရွှေနန်း ထိုက် ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဆောင်သစ် ဆိုင်း ဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာ ရည် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် တာဝန်ရှိသူများသည် ကျောင်း အတွက် ကွန်ပျူတာတစ်စုံ၊ ကျောင်းသုံး ဗလာစာအုပ်များ၊ အားကစားပစ္စည်း များနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်ကြရာ ကျေးရွာပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးအောင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် သည် ငပယင်းကျေးရွာရှိ ဗန္ဓုလပန်းခြံ၊ ဗန္ဓုလစာကြည့်တိုက်(**အောက်ပုံ**) သမ ဝါယမဈေးဆိုင်နှင့် ကျေးလက်ကျန်းမာရေး ဌာနတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မိတ္ထီလာ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မိတ္ထီလာ ဧပြီ ၆**

မိတ္ထီလာတွင် ယခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား ယခင်နှစ်များထက် ပိုမိုစည်ကားသိုက် မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်က ၅ ရက်ကျတော့ နှစ်စဉ် ပြုလုပ်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန် ယိမ်းအကပြိုင်ပွဲဝင်အသင်းတွေ ပိုပြီး များပြားလာအောင် စီစဉ်ထားပါတယ်။ မနှစ်က ပြိုင်ပွဲဝင်အသင်းက ဈေးအရှေ့ ပြင်၊ နန်းတော်ကုန်း၊ သီရိမင်္ဂလာ၊ မြို့မ၊ ရတနာမာရ်အောင်၊ ပေါက်ချောင်း၊ ရန်မျိုး အောင်၊ ဝန်ဇင်း၊ အောင်ဆန်း၊ ကျီတော် ကုန်း၊ အောင်ဇေယျာ၊ ပြည်သာယာ(မ)၊ ပြည်သာယာ(တ) ဆိုပြီး ရပ်ကွက် ၁၃ ခု က ယိမ်း ၁၃ သင်းသာ ပါဝင်ယှဉ်ပြိုင် ပေမယ့် ဒီနှစ် စက်မှုဇုန်၊ ဇောင်ချမ်းကုန်း နယ်မြေ နှစ်ခုက ပြိုင်ပွဲဝင်အသင်းနှစ်သင်း တိုးလာမယ်။ နှစ်တိုင်းလို နယ်မြေခံ တပ်နယ် ယိမ်းအဖွဲ့တွေကလည်း ပြိုင်ပွဲ ကျင်းပမယ့် ဗဟိုမဏ္ဍပ်မှာ လာရောက် ဧည့်ခံဖျော်ဖြေ ကပြမှာပါ။ သင်္ကြန် ရက်တွေအတွင်း နေ့စဉ် နေ့ဘက် ရေကစားချိန်မှာ ဗဟိုမဏ္ဍပ် ရေကစားသူ များနဲ့အတူ စင်တင်တေးဂီတအဖွဲ့တွေက တီးဝိုင်းနဲ့ တေးသီချင်းများ သီဆို ဖျော်ဖြေမှာပါ"ဟု မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီ အဖွဲ့ဝင်တစ်ဦးက ဆိုသည်။

မိတ္ထီလာကန်တွင် ယခင်နှစ်များထက် ကန်ရေများပြားစွာရှိသောကြောင့် သင်္ကြန် ရေကစားပြီး အတာပွဲဆင်နွှဲမည့်ဒေသခံ များအတွက် ကစားရန်ရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်သောကြောင့် မြို့နယ် ရေကစားမဏ္ဍပ်များလည်း ယခင်နှစ်ထက် ပိုမိုများပြား စည်ကားမည်ဖြစ်ကြောင်း သိရသည်။ (၅၇၉)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၄-၂၀၁၂ (စနေနေ့)

- ၇း၀၅ တရားတော်
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၅ မြန်မာသင်္ကြန်
- ၁၁း၂၅ ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ(အပိုင်း-၄၅)
- ၁၂း၀၀ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ဆွဲစားမယ် (ရန်အောင်၊ မြင့်မြတ်၊ မယ်လိုဒီ နှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ကျော်ဇောလင်း)**
- ၂း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့(အပိုင်း-၁၄)**
- ၄း၁၅ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄း၄၅ ကုန်သွယ်သုတ
- ၄း၅၅ မြန်မာသင်္ကြန်
- ၅း၂၀ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၂၀ စားဖိုဆောင်ချစ်သူ
- ၆း၄၀ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သူရဲကောင်းလေး ကျွန်မချစ်သူ(အပိုင်း-၁၀)**
- -အင်္ဂလိပ်စာသုတ
- -လူရွှင်တော်စတား
- **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်"(အပိုင်း-၁၀)**
- **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရဏ်ဦးရဲ့လင်းသံစဉ်" (အပိုင်း-၁၆)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Huynh Ngoc Son အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်း-ရွှေဖုံး) (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Korea- Myanmar Economic Cooperation Forum 2012 တွင် ကိုရီးယား-မြန်မာဆက်ဆံမှု မှတ်တမ်းဓာတ်ပုံများနှင့် ကိုရီးယားယဉ်ကျေးမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။** (သတင်းစဉ်)

**သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ်(၄) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

☆ ကျောဖုံးမှ

လေကြောင်းပို့ဆောင်ဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး စသည့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းလမ်းညွှန်ပြောကြားသည်။

ယင်းနောက် ဧည့်သည်ဒုတိယဝန်ကြီးက ပြန်လည်နှုတ်ခွန်းဆက်ပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ကြွရောက်ချီးမြှင့်သည့်အတွက် အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း၊ ယခု ရောက်ရှိလာသည့် မိမိတို့အဖွဲ့တွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်လိုသည့် ကုမ္ပဏီပေါင်း ၈၆ ခုနှင့် စီးပွားရေးလုပ်ငန်းရှင် ၁၇၀ ပါဝင်ပါကြောင်း၊ ယခုကဲ့သို့ Korea-Myanmar Economic Cooperation Forum 2012 ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအရပ်ရပ်တွင် ကိုရီးယားနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု အဆင့်(၄)နေရာ၌ ရပ်တည်နေပါကြောင်း၊ မိမိတို့အနေဖြင့် သဘာဝသယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန် ကြိုးပမ်းမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများအပေါ် ဘက်စုံကဏ္ဍစုံမှ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန် အစွမ်းကုန်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ဒုတိယဝန်ကြီး Mr. Cho Seok နှင့် ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် Korea-Myanmar Economic Cooperation Forum 2012 တွင် ကိုရီးယား-မြန်မာဆက်ဆံမှုမှတ်တမ်းဓာတ်ပုံများနှင့် ကိုရီးယားယဉ်ကျေးမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အရာထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၆**

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သာသနာရေးဝန်ကြီးဌာန(ရုံးခွဲ) ပိဋကတ်ပြတိုက်သင်တန်းခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပထမဆုရ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ညွန့်ညွန့်ဌေး၊ ဒုတိယဆုရ သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထင်လင်းနှင့် တတိယဆုရ သာသနာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရွှေဝင်းတို့အား ဆုများ ချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တွဲဖက်ပါမောက္ခ ဦးရဲရင့်စိုးအား ပေးအပ်သည်။

(သတင်းစဉ်)

# မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် ကျင်းပ

**ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ဒုတိယဝန်ကြီး Mr. Cho Seok မြန်မာ-ကိုရီးယားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (၂၀၁၂)တွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

နေပြည်တော် ဇွန် ၆

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ကိုရီးယားသမ္မတနိုင်ငံ Knowledge Economy ဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် မြန်မာ-ကိုရီးယားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်(၂၀၁၂)ကို ယနေ့နံနက် ၉ နာရီ ၅၅ မိနစ်တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) Banquet Hall ၌ ကျင်းပသည်။**

အဆိုပါ မြန်မာ-ကိုရီးယားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် (၂၀၁၂)သို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ဒုတိယဝန်ကြီး Mr. Cho Seok ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae- Yong လည်း တက်ရောက်သည်။

ရှေးဦးစွာ KOTRA ဥက္ကဋ္ဌ Mr. Oh Young-Ho နှင့် MaeKyoung Media Chairman Mr. Chang Dae Whan တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ဒုတိယဝန်ကြီး Mr. Cho Seok က အမှာစကား ဆက်လက်ပြောကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက Investment Environment of Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ထွေးထွေးချစ်က Major Economic Development Plan and Policy ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးသောင်းစုငြိမ်းက Business Opportunities and Potential ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Korea Development Institute မှ Executive Director Mr. CHO, Byung-Koo က Korea's Economic Development and Its Future ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Korea Electric Power Corporation မှ Vice President Mr. LEE. Sun-Min က Powering the World, Sharing the Future ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Daewoo International မှ S.E. Vice President Mr. Yang, Su-Yeong က Being a Pioneer in Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးကြပြီး မြန်မာ-ကိုရီးယားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ထို့နောက် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ကိုရီးယားကုန်သည်နှင့် စက်မှုအသင်းချုပ် (KCCI)မှ Mr. Sohn Kyung Shik တို့က နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး လဲလှယ်ကြကာ အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ Solar Power Generator လှူဒါန်းပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံမှ တာဝန်ရှိသူတစ်ဦးက Generator ဆိုင်ရာ စာရွက်စာတမ်းများကို စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်ထံ ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် ကိုရီးယား-မြန်မာ Construction Infrastructure Project Meetings များကို MICC ၌ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး ညပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ KOTRA ဥက္ကဋ္ဌက မြန်မာ-ကိုရီးယားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်လာကြသူများအား MICC ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr. Huynh Ngoc Son အား နေပြည်တော် လွှတ်တော် အဆောက်အအုံရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Huynh Ngoc Son ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chu Cong Phung လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေးနှင့် အပြန်အလှန်အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

# အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ပိုလ်မှူးကြီးမောင်မောင်ထူး ဗီယက်နမ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲ တည်ခင်း

**နေပြည်တော် ဧပြီ ၆**

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်မောင်ထူးသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Huynh Ngoc Son ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ ည ၇ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Chu Cong Phung နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

# ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေးကျင်းပ

ပထမအကြိမ် မန္တလေးတိုင်း ဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဧပြီ ၆**

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂)ကို ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေးကျော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၂ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၂ ခုနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရန်အချက်များ တင်ပြခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့ ဆောင်ရွက်ပြီး မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် အထူးအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၆**

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၂၇/၂၀၁၂)သင်တန်း ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။**(ယာပုံ)**

အဆိုပါ သင်တန်းသို့ အပြည်ပြည် ဆိုင်ရာကိစ္စရပ်များကို စိတ်ဝင်စားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများ စုစုပေါင်း ၁၇၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့သည်။ သင်တန်း၏ ဘာသာရပ်တစ်ခုဖြစ်သော သရုပ်ပြဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးသာဘန်း ပါ (၂၁)ဦးတို့က လျှောက်ထားသည့် **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၂ ခုနှစ် ဧပြီ ၆ ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အရန်ရလာသည့် လျှပ်စစ်ဓာတ်အားဖြင့် ရန်ကုန်မြို့တွင် ညလုံးပေါက်မီးပြန်ပေး

**ရန်ကုန် ဧပြီ ၆**

ဧပြီ ၅ ရက်မှ စတင်ကာ အရန်ရရှိလာသည့် လျှပ်စစ်ဓာတ်အားဖြင့် ရန်ကုန်မြို့တွင် ညလုံးပေါက် လျှပ်စစ်မီးများပြန်ပေးနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သိရသည်။

"အရန်ရလာတဲ့ မဂ္ဂါဝပ် ၁၀၀နဲ့ ရန်ကုန်မှာ ညပိုင်း အုပ်စုသုံးစုစလုံး မီးပေးခဲ့တယ်။ ဒီညလည်း တစ်ညလုံးပေးသွားမယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ စက်မှုဇုန်ရော စက်မှုလက်မှုလုပ်ငန်းတွေအတွက် မီးပိတ်ပေးထားရတယ်"ဟု ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌက ယနေ့ညနေ ၄ နာရီခန့်က သတင်းထောက်များသို့ ပြောကြားသည်။

ထိုသို့ မီးပေးရာ ဧပြီ ၅ရက်တွင် ညနေ ၅နာရီမှ ည ၁၁နာရီအထိ ပေးခဲ့ခြင်းဖြစ်ပြီး ဧပြီ ၆ရက်မှ စ၍ တစ်ညလုံး အုပ်စုသုံးစုစလုံးတွင် မီးပေးသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုထက် ဓာတ်အားလိုအပ်ချက်များနေခြင်းကြောင့် အုပ်စု အေ၊ ဘီ၊ စီ စသည်ဖြင့် အုပ်စုသုံးစုခွဲပြီး အလှည့်ကျ လျှပ်စစ်မီးပေးနေရာမှ အရန်ရရှိလာသည့်လျှပ်စစ်ဓာတ်အားဖြင့် ယင်းကဲ့သို့ ညပိုင်းတိုးချဲ့ဖြန့်ဖြူးပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"လျှပ်စစ်ဓာတ်အားရရှိမှုပေါ် မူတည်ပြီး ညပိုင်းပေးသွားမယ်။ ဘယ်လောက်ကြာကြာ ပေးနိုင်မလဲဆိုတာ ဓာတ်အားရရှိလာမှုအပေါ် မူတည်ပါတယ်" ဟု ယင်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌက ဆက်လက်ပြောပြခဲ့သည်။ လွန်ခဲ့သောနှစ်က တစ်နိုင်ငံလုံးတွင် လျှပ်စစ်ဓာတ်အားအမြင့်ဆုံးလိုအပ်ချက်မှာ ၁၄၀၀ မဂ္ဂါဝပ်မကျော်သော်လည်း ယခုနှစ်တွင် ၁၅၀၀ မဂ္ဂါဝပ်၏ အထက်၌ပင်ရှိနေကြောင်း၊ ဓာတ်အားလိုအပ်ချက်ပေါ် မူတည်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရရှိမှုမှာ ပြည့်မီနိုင်မှုမရှိခြင်းကြောင့် အေ၊ ဘီ၊ စီ စသည်ဖြင့် အုပ်စုသုံးစုခွဲ၍ လျှပ်စစ်မီးပေးခဲ့ခြင်းဖြစ်ကြောင်း၊ မတ်လဆန်းလောက်ကပင် ရန်ကုန်မြို့ရှိ ဒေသအချို့၌ တစ်ရက်လျှင် နှစ်နာရီ၊ သုံးနာရီလောက် လျှပ်စစ်ဓာတ်အားပေးမှု ခေတ္တပိတ်၍ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စီစဉ်လုပ်ဆောင်ခဲ့ကြောင်း၊ နောက်ဆုံးတွင် ရန်ကုန်မြို့အတွင်း နေထိုင်သူများအနေဖြင့် သာတူညီမျှ လျှပ်စစ်ဓာတ်အားရရှိစေရန် အုပ်စုများခွဲ၍ လျှပ်စစ်ဓာတ်အားပေးမှုကို ယခုဧပြီလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

"မတ်လဆန်းကတည်းက တစ်နာရီ၊ နှစ်နာရီလောက်စီ ဖြတ်ချပြီး ထိန်းသွားတာ နောက်တော့ မရတော့ဘူး၊ အုပ်စုအလိုက်ပေးမှရတော့မယ့် အခြေအနေဖြစ်လာလို့ပါ။ ပြည်သူတွေရဲ့ အသံကိုနားထောင်ပြီးတော့ အရန်ရလာတဲ့ လျှပ်စစ်ဓာတ်အားနဲ့ မီးပေးခဲ့တာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုရရင် ရသလို ဖြန့်ဖြူးပေးသွားဖို့ ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ (၆၈၀)

# ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

**နေပြည်တော် ဧပြီ ၆**

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး တတိယနေ့ကို ဧပြီ ၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၃၁ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၂၄)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ မြို့မြေခွန် ကောက်ခံရေးနှင့် စပ်လျဉ်း၍ အတည်ပြုမှတ်တမ်းတင်ခြင်း၊ မွန်ပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာငွေ အရ/အသုံး ဆိုင်ရာ ဥပဒေကြမ်း တင်သွင်းခြင်း၊ "အများပိုင်သစ်တော ထူထောင်ဆောင်ရွက်ပေးပါရန်" တိုက်တွန်းကြောင်း အဆို၊ "မွန်ပြည်နယ်၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ မှတ်တမ်းတင်ထိန်းသိမ်းစောင့်ရှောက်ရေး" တိုက်တွန်းကြောင်း အဆို၊ "မွန်စာပေသင်ကြားရေး " တိုက်တွန်းကြောင်း အဆိုများ တင်သွင်းခြင်း၊ မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေကြမ်း တင်သွင်းခြင်းတို့ ဆောင်ရွက်ပြီး မွန်းလွဲ ၂ နာရီခွဲတွင် အစည်းအဝေးကို ရပ်နားလိုက်သည်။ (သတင်းစဉ်)

ပထမအကြိမ် မွန်ပြည်နယ် လွှတ်တော် တတိယပုံမှန် အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား မီဇူဟိုကော်ပိုရိတ်ဘဏ်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဧပြီ ၆**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား Mizuho Corporate Bank Ltd. မှ Joint General Manager Mr. Takeshi Ohashi နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး Mizuho Corporate Bank အနေဖြင့် မြန်မာနိုင်ငံမှ ပြည်တွင်းဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် ကိစ္စများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

# တစ်ချက်တည်းကျင်းဝင်

**နေပြည်တော် ဧပြီ ၆**

ဦးအောင်ကျော်စိုး (မြန်မာ့ဂုဏ်ရည်စတိုး) သည် ကစားဖော်များဖြစ်ကြသော ဦးမြင့်ဖော်၊ ဦးဖော်လွင်၊ ဦးသိန်းနိုင်တို့နှင့်အတူ ယနေ့ညနေပိုင်းတွင် မိတ္ထီလာ ဂေါက်ကလပ်၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V1 ဘောလုံးကို Iron Ping(I2) Wedge တုတ်ဖြင့် ရိုက်လိုက်ရာ ၁၃၈ ကိုက်အကွာရှိ ကျင်းအမှတ် (၇) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (မောင်သိန်း)

## ဆူနာမီရေမျော ဂျပန်သင်္ဘောကို အမေရိကန် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က နှစ်မြှုပ်ပစ်

ဝါရှင်တန် ဧပြီ ၆

အမေရိကန်နိုင်ငံ အလာစကာပြည်နယ်ဘက်သို့ ဦးတည်မျောပါလာသော ဂျပန်သင်္ဘောတစ်စင်းကို ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က အမြောက်လက်နက်များဖြင့်ပစ်ခတ်ရာ နစ်မြုပ်ခဲ့ကြောင်း၊ အဆိုပါသင်္ဘောသည် လွန်ခဲ့သည့် တစ်နှစ်ကျော်ကျော်က ဆူနာမီရေလှိုင်းရိုက်ခတ်မှုကြောင့် လွင့်မျောလာခဲ့သော သင်္ဘောတစ်စင်းဖြစ်ပြီး ယင်းသင်္ဘောပေါ်တွင် သင်္ဘောဝန်ထမ်းများ တစ်ဦးတစ်ယောက်မျှ မပါရှိကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အလာစကာပင်လယ်ကွေ့၏ ပင်လယ်ရေပြင်အတွင်း ရီယူ-ဘန်မာရူးအမည်ရှိသင်္ဘောကိုရှာဖွေတွေ့ရှိခဲ့ရကြောင်း၊ ယင်းသင်္ဘောသည် ကုန်းမြေမှ မိုင် ၁၅၀ ကျော်အကွာအဝေးသို့ ရောက်ရှိနေကြောင်း ပြောရေးဆိုခွင့်ရှိသူ ပေါလ်ဝက်ဘ်က ပြောကြားသည်။

လွန်ခဲ့သည့်နှစ်က ဂျပန်နိုင်ငံ၌ အင်အားပြင်းထန်သော မြေငလျင်လှုပ်မှုနှင့်အတူ ဆူနာမီရေလှိုင်း ရိုက်ခတ်ခဲ့ရာ အဆိုပါရေယာဉ်မှာ သရဲသင်္ဘောသဖွယ် ဦးစီးပဲ့ကိုင်သူမရှိဘဲ ရေစီးနှင့်အတူ မျောပါနေခဲ့သည်။

သင်္ဘောများသွားလာမှုအတွက် အန္တရာယ်ရှိနိုင်သဖြင့် အမေရိကန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ယင်းသင်္ဘောကို အမြောက်ဖြင့်ပစ်ခတ်ကာ နှစ်မြှုပ်ခြင်းမပြုမီ ကနေဒါ ငါးဖမ်းသင်္ဘောတစ်စင်းက မျောနေသောသင်္ဘောပျက်ကို ဆယ်ယူရန် စိတ်ဝင်စားခဲ့သည်။ သို့ရာတွင် သင်္ဘောကပ္ပတိန်က သင်္ဘောကို ဆွဲယူမည်ဆိုပါက ဘေးအန္တရာယ်ရှိနိုင်သည်ဟု ယူဆသဖြင့် သင်္ဘောပျက်ကို ဆယ်ယူခြင်းမပြုတော့ရန် ဆုံးဖြတ်ခဲ့သည်။

*ဆင်ဟွာ။*

**အသေးစား မီးလောင်မှု ဖြစ်ပွားခဲ့သော ပြင်သစ်နိုင်ငံရှိ နျူကလီးယား ဓာတ်အားပေး စက်ရုံကို တွေ့ရစဉ်။** *(ဓာတ်ပုံ- အင်တာနက်)*

## ပြင်သစ်ရှိ နျူကလီးယားဓာတ်အားစက်ရုံ၌ အသေးစားမီးလောင်မှုနှစ်ခုဖြစ်ပွား

ရေးနက်စ် ဧပြီ ၆

ပြင်သစ်နိုင်ငံမြောက်ပိုင်းရှိ နျူကလီးယား စက်ရုံတစ်ရုံ၌ ဧပြီ ၅ ရက်က အသေးစားမီးလောင်မှုနှစ်ခု ဖြစ်ပွားခဲ့ရာ အလိုအလျောက်စနစ်ဖြင့် ယင်းဓာတ်ပေါင်းဖိုကို ပိတ်နိုင်ခဲ့ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးကို လျင်မြန်စွာ ငြိမ်းသတ်ပေးခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြင်သစ်နိုင်ငံ ဒစ်ပီပင်လယ်ဆိပ်ကမ်းအနီး အင်္ဂလိပ်ရေလက်ကြားဒေသရှိ ပင်လီမြို့ရှိ အဏုမြူလျှပ်စစ် ဓာတ်အားပေးစက်ရုံ၌ မတော်တဆမှုဖြစ်ပွားခဲ့ရကြောင်း၊ ယင်းဖြစ်စဉ်တွင် တစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နျူကလီးယားဓာတ်အားပေးစက်ရုံ၌ အသေးစားမီးလောင်မှုဖြစ်ပွားခဲ့သော်လည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ ပေါ်ပေါက်နိုင်ခြင်းမရှိကြောင်း စက်ရုံအုပ်ချုပ်ရေးအဖွဲ့၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

နျူကလီးယားစက်ရုံ၌ မီးလောင်မှုဖြစ်ပွားခဲ့ရခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူများက ဧပြီ ၆ ရက်တွင် စက်ရုံ အတွင်းသို့ ဝင်ရောက်ကာ ကြည့်ရှုစစ်ဆေးမည်ဖြစ်သည်။

ပြင်သစ်နိုင်ငံ၌ လျှပ်စစ်ဓာတ်အား၏ ၇၅ ရာခိုင်နှုန်းကို နျူကလီးယားလျှပ်စစ်ဓာတ်အားမှ ရရှိသည်။ ပြင်သစ်နိုင်ငံ၌ မကြာမီကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ အနာဂတ်စွမ်းအင်ပြဿနာကို သမ္မတလောင်းများက အလေးအနက်ပြုပြောဆိုမည်ဟု မျှော်လင့်ရသည်။

*အင်တာနက်။*

## အင်တာနက်မှတစ်ဆင့် ကောလာဟလထုတ်လွှင့်မှု တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သတင်းစာသတိပေး

ပေကျင်း ဧပြီ ၆

အင်တာနက်မှတစ်ဆင့်ထုတ်လွှင့်သော ကောလာဟလများကို နားမယောင်ကြရန် တရုတ်နိုင်ငံရှိ ထိပ်တန်းစစ်ဘက်ဆိုင်ရာ သတင်းစာကြီးတစ်စောင်က တပ်ဖွဲ့ဝင်များ အားတိုက်တွန်းလိုက်ကြောင်း သတင်းဌာနများက ဧပြီ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၌ ယခုနှစ်တွင် ခေါင်းဆောင်ပိုင်း အပြောင်းအလဲပြုလုပ်ရန် စီစဉ်ထားချိန်တွင် ပြည်သူ့လွတ်မြောက်ရေး တပ်မတော်နေ့စဉ်သတင်းစာက အထက်ပါအတိုင်း ရေးသားဖော်ပြခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၌ ယခုနှစ်နှောင်းပိုင်းတွင် ခေါင်းဆောင် ပိုင်းအာဏာလွှဲပြောင်းပေးအပ်မှုများ ပြုလုပ်ရန် စီစဉ်ထားသည်။ တရုတ်နိုင်ငံ၌ ၁၀ နှစ်တစ်ကြိမ် ခေါင်းဆောင်ပိုင်း ရာထူးအာဏာလွှဲပြောင်းမှုရှိပြီး ယခုနှစ်တွင် သမ္မတဟူကျင်တောင်နှင့် ဝန်ကြီးချုပ် ဝမ်ကြားပေါင်တို့ ကွန်မြူနစ်ပါတီ ရာထူးများမှ ဆင်းပေးမည်ဖြစ်သည်။

ယခုနှစ်သည် တရုတ်နိုင်ငံ၏ ကွန်မြူနစ်ပါတီနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ထူးခြားအရေးပါသော နှစ်တစ်နှစ်ဖြစ်ကြောင်း တရုတ်ပြည်သူ့လွတ်မြောက် ရေးတပ်မတော်၏ အာဘော်သတင်းစာက ရေးသားဖော်ပြသည်။

တရုတ်နိုင်ငံ၌ ခေါင်းဆောင်ပိုင်းအပြောင်းအလဲကြောင့် မတည်မငြိမ်ဖြစ်ပေါ်စေရန် အင်တာနက်မှတစ်ဆင့် ကောလာဟလများကို ထုတ်လွှင့်လာနိုင်ကြောင်းသတင်းစာတွင် ရေးသားထားသည်။

*အင်တာနက်။*

## ဩစတြေးလျလေယာဉ်မှူးအခန်းအတွင်းမြွေတစ်ကောင်တွေ့ လေယာဉ်အရေးပေါ်ဆင်းသက်ခဲ့ရ

ဒါဝင်(ဩစတြေးလျ) ဧပြီ ၆

ဩစတြေးလျလေယာဉ်မှူးတစ်ဦးသည် လေယာဉ်ပျံသန်းနေစဉ် ၎င်း၏ရှေ့ရှိ ဒက်ရှ်ဘုတ်အတွင်းမှ မြွေတစ်ကောင်ထွက်လာသည့်အတွက် ထိတ်လန့်တုန်လှုပ်ကာ လေယာဉ်ကို အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း လေကြောင်းလိုင်း တာဝန်ရှိသူများက ပြောသည်။

ဘရာဒင်ဘလင်နာဟက်ဆက်သည် အဲယားဖရန့်တီးယားလေကြောင်းလိုင်းမှ ကုန်တင်လေယာဉ်မောင်းတစ်ဦး ဖြစ်သည်။ နိုင်ငံမြောက်ပိုင်း အစွန်အဖျားမြို့ ပက်ပီမိနာတီသို့ ဒါဝင်မှ ကုန်ပစ္စည်းများပို့ပေးရန်အတွက် လေယာဉ်မောင်းနေစဉ် ၎င်း၏အခန်းတွင်း၌ မြွေတစ်ကောင်ပေါ်လာခြင်း ဖြစ်သည်။

သူသည် အရေးပေါ်ကယ်ဆယ်ရေးအချက်ပြ၍ ဒါဝင်လေဆိပ်သို့ အန္တရာယ်ကင်းစွာ ပြန်လည်ဆင်းသက်ခဲ့သည်။

၎င်း၏သွေးခုန်နှုန်းနှင့် နှလုံးခုန်နှုန်းတို့သည် အမြင့်ဆုံးသို့ ရောက်ရှိသွားခဲ့ကြောင်း၊ စိတ်ဝင်စားဖွယ်ရာ အတွေ့အကြုံတစ်ခုဖြစ်ကြောင်း လေယာဉ်ဆင်းနေစဉ် မြွေသည် ၎င်းခြေထောက်ကြားမှ လျှောခနဲဆင်းသွားကြောင်း၊ အလွန်ကြောက်မက်ဖွယ်ကောင်းကြောင်း နိုင်နူး(စ်)သတင်းဌာနသို့ ပြောကြားသည်။

အဲယားဖရန့်တီးယားလေကြောင်းမှ ညွှန်ကြားရေးမှူးဂျော့ဖရေးဟန့်က ဘလင်နာဟက်ဆက်သည် အခြေအနေကို ကောင်းမွန်စွာထိန်းသိမ်းကိုင်တွယ်နိုင်ခဲ့ကြောင်း၊ ဩစတြေးလျသည် ကမ္ဘာပေါ်တွင် အဆိပ်ရှိသောမြွေအများစု ကျက်စားရာဒေသဖြစ်ကြောင်း ပြောကြားသည်။

၎င်းတို့၏လေယာဉ်ပေါ်တွင် မြွေတစ်ကောင် ရောက်ရှိခဲ့ကြောင်း၊ လေယာဉ်မှူးသည် လေကြောင်းထိန်းသိမ်းရေးမျှော်စင်နှင့်ဆက်သွယ်ရာမှ ဒုက္ခကြုံတွေ့ခဲ့ရကြောင်း၊ အသံလွှင့်ခလုတ်အနီးတွင် မြွေဦးခေါင်းက ပြူထွက်လာ၍ဖြစ်ကြောင်း ဟန့်သတင်းထောက်များကို ပြောကြားခဲ့သည်။

ဒါဝင်လေဆိပ်တွင် လေယာဉ်အင်ဂျင်နီယာတစ်ဦးနှင့် မြွေဆရာတစ်ဦးကို အဆင်သင့်စီစဉ်ထားခဲ့သော်လည်း လေယာဉ်ပေါ်တွင် မြွေရှာမတွေ့ဖြစ်နေသည်ဟု ၎င်းက ပြောသည်။

လှောင်အိမ်တစ်ခုအတွင်း ကြွက်အရှင်တစ်ကောင်ထည့်၍ မြွေကိုမျှားဖမ်းရန် ကြံစည်ထားသည်ဟုဆိုသည်။ မြွေရှာတွေ့မှ လေယာဉ်ထွက်ခွာမည်ဖြစ်သည်။

*အင်တာနက်။*

## မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုများကို ဖယ်ရှားရန် တရုတ်တောင်းဆို

ပေကျင်း ဧပြီ ၆

မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုများနှင့်ပတ်သက်၍ ပိတ်ဆို့မှုတွင် ပါဝင်သည့်နိုင်ငံအားလုံးက အတတ်နိုင်ဆုံး ပြန်လည်ရုပ်သိမ်းပေးရန်အတွက် တရုတ်နိုင်ငံက ဧပြီ ၅ ရက်တွင် တောင်းဆိုလိုက်သည်။

မြန်မာနိုင်ငံတွင် ကြားဖြတ်ရွေးကောက်ပွဲများကို ဧပြီ ၁ ရက်က အောင်မြင်စွာကျင်းပပေးနိုင်ခဲ့မှုများအပေါ် ထင်မြင်သုံးသပ်ချက်ပေးရန်အတွက် ပုံမှန်ပြုလုပ်နေကျသတင်းစာရှင်းလင်းပွဲ၌ မေးမြန်းမှုများအပေါ် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟုန်လေက အထက်ပါအတိုင်း တောင်းဆိုလိုက်ခြင်းဖြစ်သည်။

အဆိုပါရွေးကောက်ပွဲမှာ ၂၀၁၁ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံ၌ အရပ်သားအစိုးရတာဝန်ယူလာခဲ့ပြီးနောက် ပထမဆုံးကျင်းပသည့် ရွေးကောက်ပွဲဖြစ်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာအသိုက်အဝန်းကပါ ကျယ်ကျယ်ပြန့်ပြန့် လက်ခံအတည်ပြုခဲ့ကြောင်းဖြင့်လည်း ဟုန်က ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကြားဖြတ်ရွေးကောက်ပွဲသည် ပြည်တွင်းနိုင်ငံရေးအင်အားစုများအကြား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့်တကွ နိုင်ငံအတွင်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပွင့်သွားစေလိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့်လည်း ၎င်းကပြောကြားသည်။ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုများကို ရုပ်သိမ်းရန်သင့်၊ မသင့် မေးမြန်းမှုများနှင့်ပတ်သက်၍ “တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် သဘောထားတစ်သမတ်တည်းထားရှိခဲ့ကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့ထားမှုများကို အပိုင်းလိုက်ရုပ်သိမ်းသွားရန်ဆုံးဖြတ်မှုကို ကြိုဆိုကြောင်း” ဖြင့်ဟုန်က ပြောကြားသည်။

**(အမ်အင်အေ၊ ဆင်ဟွာ)**

## ကမ်းလွန်ရေနံတူးစင်၌ ဓာတ်ငွေ့ယိုစိမ့်မှု တိုတယ်လ်ကုမ္ပဏီ လေ့လာသုံးသပ်မည်

အာဘာဒင်း ဧပြီ ၆

မြောက်ပင်လယ်ရှိ ကမ်းလွန်ရေနံတူးစင်၌ ဓာတ်ငွေ့ယိုစိမ့်မှုအခြေအနေကို လေ့လာသုံးသပ်နိုင်ရန် ပြင်သစ်နိုင်ငံရှိ တိုတယ်လ်ရေနံကုမ္ပဏီက မကြာမီတွင် ကျွမ်းကျင်သူ ပညာရှင်များပါဝင်သော အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ရန်ဖြစ်ကြောင်း ကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဧပြီ ၆ရက်တွင် ပြောကြားသည်။

ကမ်းလွန်ပင်လယ်ပြင်တွင် ရာသီဥတုဆိုးရွားမှုကြောင့် တိုတယ်လ်ကုမ္ပဏီ၏ ကမ်းလွန်ရေနံတူးစင်၌ အလုပ်လုပ်ကိုင်နေကြသူများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရသည်။

ယခုအခါ ရာသီဥတု ပြန်လည်ကောင်းမွန်လာပြီဖြစ်ရာ မြောက်ပင်လယ်ကမ်းလွန် ရေနံတူးစင်သို့ အလုပ်သမားများကို ရဟတ်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

လေပြင်းများပြင်းထန်စွာတိုက်ခတ်မှုကြောင့် ကမ်းလွန်ရေနံတူးစင် ပျက်စီးရမှု အခြေအနေကိုသုံးသပ်နိုင်ရန် အင်ဂျင်နီယာများပါဝင်သော အဖွဲ့တစ်ဖွဲ့ကို စေလွှတ်မည်ဖြစ်ကြောင်း တိုတယ်လ်ကုမ္ပဏီ၏ မန်နေဂျာ အင်ဒရူးဟော့က ပြောကြားသည်။

*ရိုက်တာ။*

## ယီမင်ထောက်လှမ်းရေးရုံးပြင်၌အသေခံပုံးဖောက်ခွဲမှုဖြစ်ပွား

အေသင်(ယီမင်) ဧပြီ ၆

ယီမင်နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့တော် အေသင်ရှိ စစ်ထောက်လှမ်းရေးဌာနချုပ်ရုံးတွင် ဧပြီ ၆ရက် နံနက်က အသေခံပုံးနှစ်လုံးဖောက်ခွဲခဲ့ကြောင်း၊ ထိခိုက်သေဆုံးသူဦးရေကို ချက်ချင်းမသိရှိရကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အသေခံပုံးဖောက်ခွဲရေးသမားနှစ်ဦးသည် မန်ဆူရာဒေသရှိ စစ်ထောက်လှမ်းရေးဌာနချုပ်ရုံးအပြင်၌ ပုံးနှစ်လုံးဖောက်ခွဲခဲ့သည်ဟု အဆိုပါရဲတပ်ဖွဲ့ဝင်က ပြောဆိုခဲ့သည်။

အဆိုပါ အသေခံပုံးဖောက်ခွဲမှုကို အယ်လ်ခိုင်ဒါ စစ်သွေးကြွအဖွဲ့က နောက်မှကြိုးကိုင်နေသည်ဟု စစ်ဘက်က ပြစ်တင်ပြောကြားခဲ့သည်။

*ဆင်ဟွာ။*



## ဘောလုံးလောင်းကစားဒိုင်များကို မလေးရှားရဲတပ်ဖွဲ့ဖြိုခွင်း

ကွာလာလမ်ပူ ဧပြီ ၆

မလေးရှားနိုင်ငံ၌ ဘောလုံးလောင်းကစားဒိုင်များကို ဖြိုခွင်းလျက်ရှိရာ ရဲတပ်ဖွဲ့က ဘောလုံးလောင်းကစားမှုများ၌ ပါဝင်လှုပ်ရှားနေသူ ၁၃၇ဦးကို ဧပြီ ၅ရက်က ဖမ်းဆီးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

မလေးရှားနိုင်ငံ၌ ဘောလုံးလောင်းကစားဒိုင်များအား အကြီးကျယ်ဆုံးသော ဖြိုခွင်းမှုကို ရဲတပ်ဖွဲ့က ပြုလုပ်ခဲ့သည်။

မြို့တော် ကွာလာလမ်ပူအနီး ကာဂျန်းမြို့၌ ရဲတပ်ဖွဲ့က စီးနင်းရှာဖွေမှုများပြုလုပ်ခဲ့ကာ ၁၃၇ ဦးကို ဖမ်းဆီးခဲ့သည်။ အဖမ်းခံရသူအများစုမှာ တရုတ်နိုင်ငံနှင့် တရုတ်(တိုင်ပေ)မှ ဖြစ်ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မလေးရှားနိုင်ငံ၌ ပရီမီယာလိဂ်ဘောလုံးပွဲများမှာ ရေပန်းစားသည်။ ဘောလုံးပွဲများအပါအဝင် အားကစားပြိုင်ပွဲများ၏ အနိုင်အရှုံးရလဒ်များနှင့်ပတ်သက်၍ အလောင်းအစားပြုလုပ်မှုများကို ဥပဒေအရ ပိတ်ပင်ထားသည်။

*အင်တာနက်။*

# သက်ကြီးရွယ်အိုနှင့် ကျန်းမာရေး

ထွန်းအောင်လှ
(လုပ်ငန်းခွင်ကျန်းမာရေး)

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်လာခြင်း၊ လူနေမှုပုံစံများ ပြောင်းလဲလာခြင်းတို့ရဲ့ အကျိုးရလဒ်များအဖြစ် မွေးနှုန်းကျဆင်းလာခြင်း၊ သေနှုန်းကျဆင်းလာခြင်းနှင့်အတူ လူသားတို့၏ သက်တမ်းမှာလည်း ပိုမို၍ ကြာရှည်စွာနေထိုင်လာနိုင်ကြတာကို တွေ့နေရပါတယ်။

လူသားတို့၏ဘဝမှာ အရွယ်သုံးပါးရှိတဲ့အနက် အသက် ၆၀ နှစ်နှင့် အထက်ရှိသူတွေကို တတိယအရွယ်လို့ ခေါ်ဆိုပါတယ်။ တစ်နည်းဆိုရရင် သက်ကြီးရွယ်အိုတွေလို့ ဆိုလိုခြင်းဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ခန့်မှန်းချက်အရ လာမည့် ခရစ်နှစ် ၂၀၃၀ မှာ သက်ကြီးရွယ်အိုအရေအတွက်ဟာ ကလေးဦးရေထက် ပိုမိုများပြားလာမယ်လို့ အခိုင်အမာတွက်ချက်ခဲ့ကြပါတယ်။

ယခုအခါ ကမ္ဘာပေါ်မှာ အသက် ၆၀ နှစ်နဲ့အထက်ရှိတဲ့ သက်ကြီးရွယ်အိုဦးရေရဲ့ သုံးပုံနှစ်ပုံဟာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ မြို့ပြဒေသများသို့ လူဦးရေအမြောက်အမြားပြောင်းရွှေ့နေထိုင်ကြခြင်း၊ စက်မှုလက်မှုလုပ်ငန်းများတိုးတက်လာခြင်း စသည်တို့ရဲ့ နောက်ဆက်တွဲအကျိုးအပြစ်များကို ခံစားကြရပြီး စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသည်တို့မှာလည်း ပြောင်းလဲဖြစ်ပေါ်မှုများကို ဆက်နွှယ်ခံစားကြရပါတယ်။ တစ်ချိန်တည်းမှာပဲ တိုးတက်များပြားလာတဲ့ သက်ကြီးရွယ်အိုတွေရဲ့ မိသားစု၊ ရပ်ရွာနဲ့ နိုင်ငံတော်အပေါ် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးအရ မှီခိုနေရမှုပြဿနာများကိုလည်း ရင်ဆိုင်နေကြရပါတယ်။

မြန်မာနိုင်ငံမှာလည်း အသက် ၆၀ နှစ်နဲ့အထက် သက်ကြီးရွယ်အိုဦးရေဟာ ၁၉၉၀-၁၉၉၁ ခုနှစ်မှာ စုစုပေါင်းလူဦးရေ၏ ၆ ဒသမ ၄ ရာခိုင်နှုန်းရှိရာမှ ၂၀၀၂-၂၀၀၃ ခုနှစ်မှာ ၈ ဒသမ ၀၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။ ရှေ့လာမည့်နှစ်များမှာလည်း သက်ကြီးရွယ်အိုဦးရေဟာ ဆက်လက်ပြီး တိုးတက်လာဖို့ရှိနေပါတယ်။

အချို့ ပညာရှင်များရဲ့ ခန့်မှန်းချက်အရ ယခုလက်ရှိ မြန်မာနိုင်ငံမှာ သက်ကြီးရွယ်အိုဦးရေဟာ ၁၀ ရာခိုင်နှုန်းရှိပြီး လူ ၁၀ ဦးလျှင် တစ်ဦးမှာ အသက် ၆၀ နှစ်အထက်ရှိသူများဖြစ်ကြောင်း၊ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် လူလေးဦးလျှင် တစ်ဦးမှာ အသက် ၆၀ ကျော် အရွယ်ရှိသူများဖြစ်လာနိုင်ကြောင်းသိရပါတယ်။

သက်ကြီးရွယ်အိုများ တိုးပွားလာခြင်းဟာ နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်လာခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာခြင်းတို့၏ ပြယုဂ်များဖြစ်လို့ ဂုဏ်ယူစရာဖြစ်ပေမယ့် ကျန်းမာရေးကောင်းမွန်ပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ သက်ကြီးဘဝများကို ရရှိခံစားနိုင်တဲ့ သက်ကြီးရွယ်အိုများဖြစ်စေဖို့ အရေးကြီးပါတယ်။ အဲဒီသက်ကြီးရွယ်အိုများရဲ့ လူမှုရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရှိကြဖို့လည်းလိုအပ်မှာ ဖြစ်ပါတယ်။

ကမ္ဘာ့လူဦးရေမှာ သက်ကြီးရွယ်အိုများ တိုးပွားလာခြင်းဟာ ယနေ့ကာလမှာ တစ်ကမ္ဘာလုံးရင်ဆိုင်ကြရမယ့် ကိစ္စတစ်ရပ်ဖြစ်လာပါတယ်။ အသက်အရွယ်ကြီးရင့်သူများ များပြားလာတာနဲ့အမျှ နာတာရှည်ရောဂါများ၊ မသန်မစွမ်းဖြစ်မှုများနဲ့ ကြုံတွေ့နိုင်တဲ့အန္တရာယ်ဟာလည်း သက်ကြီးရွယ်အိုများထဲမှာ တိုးပွားလာမှာ ဖြစ်ပါတယ်။ ဒီကိစ္စဟာ နိုင်ငံများရဲ့ အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအနေနဲ့ ရင်ဆိုင်ဖြေရှင်းရမယ့် ဦးစားပေးပြဿနာကြီးတစ်ရပ်ဖြစ်ပါတယ်။

သုတေသနတွေ့ရှိချက်များအရ သက်ကြီးရွယ်အိုများရဲ့ ကျန်းမာရေးပြဿနာများဟာ တစ်နေ့တခြား တိုးတက်များပြားလာတာကို တွေ့ရှိရပါတယ်။ သက်ကြီးရွယ်အိုများဟာ အများအားဖြင့် အဆစ်အမြစ်နှင့် ပတ်သက်သောရောဂါများ၊ နှလုံးရောဂါ၊ မျက်စိအတွင်းတိမ်ရောဂါနဲ့ သွားနှင့်ခံတွင်းရောဂါများ ခံစားရတတ်ကြပါတယ်။

ဒါ့အပြင် အချို့သက်ကြီးရွယ်အိုများမှာ သတိချွတ်ယွင်းမှု၊ စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု၊ အထီးကျန်ဘဝခံစားရမှုများလည်းရှိနေပြီး အဲဒီလူမှုရေးနဲ့ ဆက်နွှယ်ခံစားရမှုများကို ထိထိရောက်ရောက် စီမံဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း တွေ့ရှိနေရပါတယ်။

သက်ကြီးရွယ်အိုများအနေနဲ့ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးသာမက စိတ်ပိုင်းဆိုင်ရာမှာပါ ကျန်းမာနေစေဖို့ လိုအပ်ပါတယ်။ ဒါမှသာ ပျော်ရွှင်တက်ကြွတဲ့ သက်ကြီးဘဝများကို ခံစားရရှိစေနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှာ ယဉ်ကျေးမှုအရ မိသားစုဟာ အဓိကကျတဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး အသက်အရွယ်မရွေး မွေးကင်းစကလေးမှစပြီး ကြီးပြင်းလာတဲ့အရွယ်နှင့် သက်ကြီးရွယ်အိုအထိ ပြုစုစောင့်ရှောက်ပေးလျက်ရှိပါတယ်။ မိသားစုများ စုစုစည်းစည်းနဲ့ ကျစ်လျစ်ခိုင်မာစွာ ရပ်တည်နေခြင်းဟာ လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ခိုင်မာအောင် ထိန်းသိမ်းထားတဲ့ အဓိကအချက်ဖြစ်ပါတယ်။

အထူးသဖြင့် မြန်မာလူမျိုးတွေရဲ့ ဘိုးဘွားမိဘ၊ လူကြီးသူမများကို ရိုသေလေးစားမှုနဲ့ အိမ်ဦးခန်းမှာထားပြီး ကျွေးမွေးပြုစုစောင့်ရှောက်တတ်တဲ့ အစဉ်အလာဟာ ဘာသာတရားရဲ့ ဆုံးမပဲ့ပြင်မှုအောက်မှာ နှစ်ကာလကြာမြင့်စွာကတည်းက ယဉ်ကျေးမှုတစ်ခုအနေနဲ့ အမြစ်တွယ်ခိုင်မြဲခဲ့တာဖြစ်ပါတယ်။

သို့သော်လည်း ယနေ့ကာလမှာ သက်ကြီးရွယ်အိုဦးရေ တိုးတက်များပြားလာကာ တခြားဖွံ့ဖြိုးဆဲနိုင်ငံတွေနည်းတူ မိသားစုများမှာ ယောကျ်ားရော မိန်းမပါ စီးပွားရှာ အလုပ်လုပ်ကိုင်နေကြတာတွေကြောင့် တချို့သက်ကြီးရွယ်အိုတွေဟာ အလိုလို လျစ်လျူရှုခံနေကြရတဲ့အခြေအနေကို ရောက်ရှိသွားပြီး မိသားစုဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်လာနေပါတယ်။

ဒီလို အခြေအနေတွေ မဖြစ်ပေါ်စေဖို့အတွက် သက်ကြီးရွယ်အိုတွေအနေဖြင့် မိမိတတ်စွမ်းနိုင်သရွေ့ မိသားစုအတွက်၊ ရပ်ရွာအတွက်၊ တိုင်းပြည်အတွက် တာဝန်ယူ ပါဝင်ဆောင်ရွက်သွားနိုင်ဖို့၊ ကျန်းမာသန်စွမ်းသော သက်ကြီးရွယ်အိုဘဝတွေကို ရယူပိုင်ဆိုင်နိုင်ကြစေဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံမှာ သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစီမံချက်ကို အမျိုးသားကျန်းမာရေးစီမံကိန်း ၁၉၉၃-၁၉၉၆ မှာ စတင်ထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း တစ်ကမ္ဘာလုံးမှာ သက်ကြီးရွယ်အိုတွေ အရေအတွက်တိုးပွားလာမယ့်ကိစ္စကို ကြိုတင်စဉ်းစားမိခဲ့တဲ့အတွက် သက်ကြီးရွယ်အိုများအရေးကို အလေးပေးဆောင်ရွက်ကြဖို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ နီးပါးကပင် တိုက်တွန်းနှိုးဆော်ခဲ့ပါတယ်။ ၁၉၈၂ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်အဖြစ် "သက်ကြီးရွယ်အို ဘဝကို စိုပြည်စေဖို့ ကြိုးပမ်းစို့"ဆိုပြီး သတ်မှတ်ခဲ့သလို ၁၉၉၉ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်ကိုလည်း "အိုသည့်တိုင်အောင် ဖွဲ့ကိုဆောင်၊ လူ့ဘောင်ကောင်းဖို့ ကြိုးပမ်းစို့" ဆိုပြီးသတ်မှတ်ခဲ့ပါတယ်။

ဒါ့အပြင် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီဟာ ၁၉၉၉ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ် (International Year of Older Persons) အဖြစ်သတ်မှတ်ဖို့ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၁ ရက်က ဆုံးဖြတ်ခဲ့ပါတယ်။ ဒါတွေကို ကြည့်ခြင်းအားဖြင့် သက်ကြီးရွယ်အိုများအရေးကို တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဆောင်ရွက်နေတယ်ဆိုတာကို တွေ့မြင်နိုင်ပါတယ်။

ယခုနှစ်မှာလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သက်ကြီးရွယ်အိုတွေ ကျန်းမာပြီး လူမှုဘဝမြင့်မားရေးအတွက် ဆောင်ရွက်ပေးကြရန် နှိုးဆော်ထားပြီး ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်အဖြစ် (Ageing and Health) "သက်ကြီးသူတို့ ကျန်းမာဖို့၊ လူမှုဘဝမြင့်တင်စို့" ဆိုပြီး သတ်မှတ်ရွေးချယ်ပေးထားပါတယ်။

ဒီလိုပဲ ကျန်းမာရေး၊ လူမှုရေးနဲ့ ဆက်နွှယ်နေတဲ့ အစိုးရဌာန၊ အဖွဲ့အစည်းတွေ၊ အစိုးရ မဟုတ်သော လူမှုရေးအသင်းအဖွဲ့တွေ၊ ဘာသာရေးအသင်းအဖွဲ့တွေနဲ့ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေ ပူးပေါင်းလက်တွဲပြီး သက်ကြီးရွယ်အိုများပြုစုစောင့်ရှောက်ရေးအဖွဲ့တွေကို ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ဖွဲ့စည်းပြီး မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အိုတွေကို စာရင်းကောက်ယူပြီး မှတ်တမ်းပြုစုထားခြင်း၊ သက်ကြီးရွယ်အိုတွေကို စောင့်ရှောက်ပေးနေသော မိသားစုဝင်တွေကို သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်း၊ သက်ကြီးရွယ်အိုများအား ကျန်းမာရေးစစ်ဆေးပြီး အချိန်မီကုသနိုင်ရန် စီစဉ်ပေးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများ ပုံမှန်ဆောင်ရွက်နိုင်ရန် စီစဉ်ပေးခြင်း၊ သက်ကြီးရွယ်အိုများအချင်းချင်း စုဝေးတွေ့ဆုံနိုင်ရန်နှင့် ဘာသာရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် စီစဉ်ပေးခြင်း၊ နာတာရှည်သက်ကြီးရွယ်အိုများအား ပြန်လည်ထူထောင်နိုင်ရန် လိုအပ်သော စောင့်ရှောက်မှုများပေးခြင်းနှင့် သက်ကြီးရွယ်အိုများအား နေ့စဉ်လှုပ်ရှားဆောင်ရွက်နိုင်မှုလုပ်ငန်းများ(Activities of Daily Living - ADL)ကိုအတတ်နိုင်ဆုံး ဆောင်ရွက်နိုင်စေရန် ပံ့ပိုးကူညီမှုများပေးခြင်း စတာတွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှမ်းခြုံနိုင်စေဖို့ အားလုံးက ဝိုင်းဝန်း၍ ပါဝင်ဆောင်ရွက်သင့်ပါတယ်။

သက်ကြီးရွယ်အိုတွေအနေနဲ့လည်း ကျန်းမာရေးကိုအန္တရာယ်ဖြစ်စေနိုင်တဲ့ အမူအကျင့်တွေဖြစ်တဲ့ အရက်အလွန်အကျွံသောက်သုံးခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကို ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ် ၈၀ ကျော်မှာ ကောက်ယူခဲ့တဲ့စစ်တမ်းတွေအရ သက်ကြီးရွယ်အိုများရဲ့ ၆၀ ရာခိုင်နှုန်းဟာ ဆေးလိပ်သောက်တဲ့ အလေ့အထရှိကြောင်းသိရပါတယ်။ ဆေးလိပ်သောက်ခြင်းကြောင့် အဆုတ်ပွခြင်း၊ ကင်ဆာဖြစ်ခြင်း၊ လေဖြတ်ခြင်း စတာတွေဖြစ်တဲ့အတွက် သက်ကြီးရွယ်အိုတွေအနေနဲ့ ဆေးလိပ်သောက်ခြင်း အလေ့အထကို စွန့်လွှတ်သင့်ပါတယ်။

သက်ကြီးရွယ်အိုတွေကို ပြုစုစောင့်ရှောက်နေကြတဲ့ မိသားစုတွေကလည်း ဘိုးဘွားမိဘများကို အိမ်ဦးခန်းမှာထားပြီး ကျွေးမွေးပြုစုတယ်ဆိုတဲ့နေရာမှာ ကျွေးမွေးပြုစုနေရုံတင်မဟုတ်ဘဲ ပုံမှန်ကျန်းမာရေးစစ်ဆေးပေးခြင်းများလည်း ပြုလုပ်သင့်ပါတယ်။ နှလုံးရောဂါနှင့် ကင်ဆာရောဂါများ ရှိ၊ မရှိစစ်ဆေးပေးခြင်း၊ ပုံမှန်သွေးပေါင်ချိန်ခြင်း၊ သွေးတွင်းသကြားဓာတ်စစ်ဆေးခြင်း၊ အရိုးပါး၊ အရိုးပွမှုနှုန်းများ စစ်ဆေးခြင်း စသည်ဖြင့် လိုအပ်တဲ့ ကျန်းမာရေးစစ်ဆေးမှုများကို ပြုလုပ်သင့်ပါတယ်။ အဲဒီလို စစ်ဆေးမှုများကို ငွေကုန်ကြေးကျသက်သာစွာနဲ့ အလွယ်တကူ ပြုလုပ်နိုင်စေဖို့လည်း လိုအပ်တဲ့ လမ်းညွှန်မှု၊ စီမံမှုများကို ကျွမ်းကျင်သူပညာရှင်များရဲ့ အကူအညီနဲ့ စီမံဆောင်ရွက်ပေးသင့်ပါတယ်။

ကလေးသူငယ်တွေကို ကာကွယ်ဆေးထိုးပေးသလိုမျိုး သက်ကြီးရွယ်အိုတွေကိုလည်း ကာကွယ်ဆေးထိုးပေးရန်လိုအပ်ကြောင်း ပညာရှင်များမှ ပြောကြပါတယ်။ သက်ကြီးရွယ်အိုများထိုးသင့်တဲ့ ကာကွယ်ဆေးတွေကတော့ နမိုးနီးယားကာကွယ်ဆေး၊ တုပ်ကွေးကာကွယ်ဆေးတို့ဖြစ်ပြီး အဆုတ်ပွသူနဲ့ ဆီးချိုရောဂါရှိသူတွေက ပိုပြီးတော့ ထိုးသင့်ကြောင်းလည်း ပညာရှင်များက ဆိုကြပါတယ်။

ဒါ့အပြင် သက်ကြီးရွယ်အိုတွေကို အာဟာရပြည့်ဝစွာ ကျွေးမွေးပြုစုတတ်ဖို့လည်း လိုအပ်ပါတယ်။ သက်ကြီးရွယ်အိုတွေအနေနဲ့ ရေများများသောက်ပြီး သစ်သီးနှင့် ဟင်းသီးဟင်းရွက်တွေ ပိုမိုစားသုံးပေးဖို့လိုကြောင်း၊ ကျန်းမာပျော်ရွှင်တဲ့ သက်ကြီးဘဝများကို ပိုင်ဆိုင်နိုင်ဖို့အတွက် ပုံမှန်ဆေးစစ်မှုများပြုလုပ်ဖို့၊ ဆေးလိပ်ဖြတ်ကြဖို့၊ သင့်တင့်လျောက်ပတ်တဲ့ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ဖို့၊ မိသားစုနဲ့ နွေးထွေးစွာနေကြဖို့လိုကြောင်း ပညာရှင်များက အကြံပြုကြပါတယ်။

သက်ကြီးရွယ်အိုတိုင်းဟာ အိုမင်းမစွမ်းဖြစ်နေပြီး ဒုက္ခကြုံတွေ့နေရသူများ မဟုတ်ကြဘဲ အတော်များများဟာ ကိုယ်ကာယကျန်းမာသန်စွမ်းကြတာ တွေ့ရပါတယ်။ ဖြစ်နိုင်ပါက သက်ကြီးရွယ်အိုများအားလုံး သာယာဖြောင့်ဖြူးတဲ့ ကျန်းမာပျော်ရွှင်တက်ကြွ လန်းဆန်းတဲ့သက်ကြီးဘဝများကို ပိုင်ဆိုင်ခံစားနိုင်ကြစေဖို့ လူတစ်ဦးချင်းမှဖြစ်စေ၊ ကျန်းမာရေးနှင့် လူမှုရေးအဖွဲ့အစည်းများမှဖြစ်စေ၊ နိုင်ငံတော်အစိုးရမှဖြစ်စေ မှန်ကန်သည့်နည်းလမ်းများ ရွေးချယ်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

လူပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့လည်း ကျန်းမာရေးနှင့်ညီညွတ်စွာပြုမူနေထိုင်ကြရန် လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရနှင့် ကျန်းမာရေးဌာနများမှလည်း သက်ကြီးရွယ်အိုများ ကျန်းမာရေးပြုစုစောင့်ရှောက်နိုင်ရန်အတွက် သင့်လျော်သောမူဝါဒများနှင့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် အထပ်မြင့်တိုက်ခန်းများတွင် နေထိုင်ရသော သက်ကြီးရွယ်အိုများအနေဖြင့် အတက်အဆင်း အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးမှုမျိုး၊ တိုက်ခန်းများအား စတင်ဆောက်လုပ်စဉ်ကပင် မည်သို့ထည့်သွင်းဆောင်ရွက်ရမည်ဆိုတဲ့ မူဝါဒလမ်းညွှန်မှုမျိုး၊ ကလေးများအတွက် ကစားကွင်းများ ဆောက်လုပ်ပေးသကဲ့သို့ သက်ကြီးရွယ်အိုလူကြီးများ အနားယူ အပန်းဖြေနိုင်စေရန် အထူးစီစဉ်ထားတဲ့ ပန်းခြံများ ဆောက်လုပ်ပေးခြင်းမျိုး စသည်ဖြင့် သက်ကြီးရွယ်အိုများအတွက် အထူးစီစဉ်ပေးမှုမျိုးကို စနစ်တကျပြုလုပ်ပေးသင့်ပါတယ်။

သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးကောင်းမွန်အောင် ဆောင်ရွက်ရာမှာ လူ့ဘဝဖြစ်စဉ်တစ်လျှောက်လုံးကို လွှမ်းခြုံသုံးသပ်ကိုင်တွယ်တဲ့ နည်းဗျူဟာကို ရွေးချယ်ပြီး ကျန်းမာရေးပြဿနာများကို အသက်ငယ်ရွယ်သည် ကာလမှပင် စောစီးစွာဖြေရှင်းပေးခြင်းဖြင့် နောင်အသက်အရွယ်ကြီးရင့်လာတဲ့အခါမှာ နာတာရှည်ရောဂါနဲ့ မသန်မစွမ်းဖြစ်မှုများ လျော့နည်းအောင် ကာကွယ်သွားနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် နောင်တစ်ချိန်မှာ သက်ကြီးရွယ်အိုများ ဖြစ်လာကြမည့်သူတွေအနေနဲ့လည်း မိမိတို့အသက်အရွယ်ကြီးရင့်လာမယ့်အချိန်အတွက် ကြိုတင်ပြင်ဆင်ထားကြဖို့ လိုအပ်ပါတယ်။ ငယ်ရွယ်စဉ်ကာလမှစတင်ပြီး ကျန်းမာရေးကောင်းမွန်အောင် ထိန်းသိမ်းနေထိုင်မှသာ နောင်အသက်ကြီးလာတဲ့အခါမှာ ကျန်းမာရေးကောင်းမွန်မှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်အောင် ပြုမူနေထိုင်ကြပြီး ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အာဟာရမျှတစွာ စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုများ ပုံမှန်ပြုလုပ်ခြင်းနှင့် စိတ်ပူပန်သောကများ နည်းနိုင်သမျှနည်းအောင် ပြုမူနေထိုင်ခြင်းတို့ ဆောင်ရွက်သင့်ပါတယ်။ ဒါ့အပြင် အသက်အရွယ်ကြီးရင့်လာတဲ့အခါမှာ စီးပွားရေးအရ မကြောင့်မကြနေထိုင်သွားနိုင်ဖို့အတွက်လည်း ငယ်စဉ်ကတည်းက ကြိုတင်ပြင်ဆင်ထားကြဖို့ လိုအပ်ပါတယ်။ ဒါမှသာ သက်ကြီးရွယ်အိုဘဝကို ရောက်တဲ့အခါမှာ အေးချမ်းစွာနေထိုင်နိုင်မှာ ဖြစ်ပါတယ်။

သက်ကြီးရွယ်အိုများအနေနဲ့ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခတို့နှင့် ပြည့်စုံပြီး သာယာစိုပြည်တဲ့ သက်ကြီးရွယ်အိုဘဝကို ရရှိခံစားနိုင်ကြဖို့အတွက် ကျန်းမာရေးဟာ အဓိကကျပါတယ်။ ယနေ့ကာလမှာ သက်ကြီးရွယ်အိုဘဝကို ရောက်ရှိနေကြသူများဟာ တစ်ချိန်တစ်ခါက လူငယ်လူရွယ်များဖြစ်ကြပါတယ်။ သူတို့တွေ ငယ်ရွယ်စဉ်ကာလက ဤလူ့လောကကြီးအတွက် ကျရာနေရာက တတ်စွမ်းသမျှအကျိုးပြုခဲ့ကြပြီးဖြစ်ပါတယ်။ ၎င်းတို့ရဲ့ စွမ်းဆောင်ချက်များကြောင့် လူ့ဘောင်လောကကြီးဟာ ယနေ့အချိန်အခါသို့ တင့်တယ်စွာရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ၎င်းတို့၏ လုပ်အားမှ ထွက်ပေါ်လာတဲ့ အသီးအပွင့် ရလဒ်များကို ယနေ့ကာလမှာ ခံစား၊ စံစားနေကြရပြီ ဖြစ်ပါတယ်။

သူတို့ကို ပြန်ပြီးကျေးဇူးပြုကြဖို့၊ သူတို့ရဲ့ ဘဝနေဝင်ချိန်တွေကို ကျန်းမာပျော်ရွှင်စွာဖြင့် ဖြတ်သန်းနိုင်ကြစေဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ကိုယ်စီရှိကြပါတယ်။ ထို့ကြောင့် သက်ကြီးရွယ်အိုများ အသက်ရှည်ကျန်းမာပြီး ကောင်းကျိုးလိုရာ ဆန္ဒများ ပြည့်ဝစေဖို့ တစ်နည်းအားဖြင့် တက်ကြွရွှင်လန်းပြီး ကျန်းမာပျော်ရွှင်သော သက်ကြီးရွယ်အိုဘဝများကို သက်ကြီးရွယ်အိုတိုင်း ရရှိခံစားနိုင်ကြစေဖို့အတွက် သက်ကြီးရွယ်အိုများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ ကျရာတာဝန်ကို တတ်နိုင်တဲ့ဘက်က တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

## သကြၤန်နှစ်ဆန်းတွင် ငါးသားပေါက်များ ရောင်းချလိုပါက ငါးလုပ်ငန်းဦးစီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားကြရန် နှိုးဆော်

**ရန်ကုန် ဧပြီ ၆**

အသားစားကြူးသော အာဖရိကငါးခူများသည် ဘုရားကန်များ၊ ကန်တော်ကြီးရေပြင်၊ အင်းလျားကန်ရေပြင်၊ မြစ်များ ချောင်းများနှင့် သဘာဝရေပြင်များတွင် ပျံ့နှံ့သွားပါက အခြားငါး၊ ပုစွန် စသော ရေနေသတ္တဝါများ မျိုးပြုန်းတီးမှုဖြစ်ပေါ်စေသဖြင့် ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာ အမှတ် (၅/၂၀၀၁)ဖြင့် အာဖရိကငါးခူမျိုးများ မွေးမြူခြင်း၊ စုဆောင်းခြင်း၊ မျိုးပြန့်ပွားစေခြင်းမပြုရန် တားမြစ်ထားသည်။

သို့ပါ၍ နှစ်စဉ်နှစ်တိုင်း သကြၤန်နှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲများတွင် တားမြစ်ထားသော အာဖရိကငါးခူသားပေါက်များကို ရောင်းချခြင်း၊ ဝယ်ယူခြင်းများ မပြုလုပ်ကြရန်နှင့် ဇီဝိတဒါနငါးလွှတ်ပွဲတွင် ငါးသားပေါက်ရောင်းချလိုသူများသည် ငါးလုပ်ငန်းဦးစီးဌာနတွင် ကြိုတင်ခွင့်ပြုချက်လျှောက်ထားကြရန် နှိုးဆော်ထားသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်များကို ရောင်းချပေးမည်ဖြစ်သဖြင့် ငါးသားပေါက်များဝယ်ယူလိုပါက ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရေဆင်းငါးလုပ်ငန်းစခန်း (နေပြည်တော်)၊ ရန်ကုန်တိုင်းဒေသကြီး လှော်ကားငါးလုပ်ငန်းစခန်း၊ လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း၊ ကန်တော်ကြီးရေချိုငါးဥယျာဉ်နှင့် နီးစပ်ရာ သက်ဆိုင်ရာ မြို့နယ်ငါးလုပ်ငန်းစခန်းများနှင့် ဖုန်း-၀၆၇-၄၃၆၅၄၉၊ ၀၁-၆၄၇၅၁၂၊ ၆၃၅၁၉၆၊ ၆၁၁၁၂၀၊ ၇၀၈၅၁၉ နှင့် ၅၅၅၆၁၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီး အများပြည်သူနှင့် သက်ဆိုင်သောနေရာ၊ ဌာနများတွင် ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်အရောင်းဌာနများ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း၊ ဘေးမဲ့ငါးလွှတ်လိုသူများ ငါးလုပ်ငန်းဦးစီးဌာနသို့ ကြိုတင်ဆက်သွယ်မှာကြားကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက် မိုးများရွာသွန်း ဆီးဖြူသီးခန့် မိုးသီးများကျ

**မန္တလေး ဧပြီ ၆**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ညနေ ၃ နာရီဝန်းကျင်က အနောက်နှင့် အနောက်တောင်အရပ်မှ မိုးတိမ်များ တက်လာပြီး တစ်နာရီ ၁၀ မိုင်နှုန်းခန့် မိုးသက်လေပြင်းများ တိုက်ခတ်ကာ မိုးထစ်ချုန်းရွာသွန်းခဲ့သည်။ မိုးရွာစဉ် ၂ မီလီမီတာအရွယ်ခန့် မိုးသီးများကျပြီး(ဝဲပုံ) မိုးရေချိန် ၅ မီလီမီတာခန့် ရွာသွန်းခဲ့သည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သစ်ကိုင်းများ လမ်းမပေါ်သို့ ကျိုးကျမှုများရှိခဲ့ပြီး မန္တလေးမြို့ စည်ပင်သာယာ သန့်ရှင်းရေးဌာနလုပ်သားများက ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။

(သီဟကိုကို-မန္တလေး)

# ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ရေလှောင်တမံများ

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပေါင်းတည်မြို့နယ်အတွင်းရှိ လယ်မြေများသို့ ရေပေးဝေလျက်ရှိသော ဝဲကြီးရေလှောင်တမံကို တွေ့ရစဉ်။

## ဝဲကြီးရေလှောင်တမံ

* ဝဲကြီးရေလှောင်တမံသည် ပေါင်းတည်မြို့၏ အရှေ့မြောက်ဘက် ဖောင်အိုင်ရွာ၏ အထက်ဘက် တစ်မိုင်ခန့်အကွာ ဝဲကြီးချောင်းပေါ်တွင် တည်ရှိသည်။
* တမံအလျားပေ ၄၁၇၀ နှင့် တမံအမြင့် ၁၁၅ ပေရှိသည်။
* ရေဆင်းဧရိယာ ၂၀၂ စတုရန်းမိုင်ရှိပြီး ကန်ရေပြည့် ရေလှောင် ပမာဏမှာ ဧကပေ ၂၅၂၀၀၀ ဖြစ်သည်။
* အကျိုးပြုဧရိယာဧက ၄၅၀၀၀ ကို ဆည်ရေပေးဝေနိုင်သည်။

## ခပေါင်းရေလှောင်တမံ

* ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၏ အနောက်ဘက် ၁၅ မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်တွင် တည်ဆောက်ထားသည်။
* ရေလှောင်တမံအမြင့် ပေ ၂၀၀၊ အလျားပေ ၉၂၀ ရှိသည်။
* မြေသားတမံအမျိုးအစားဖြစ်သည်။
* ခပေါင်းရေလှောင်တမံမှ ဆည်ရေဖြင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ လယ်မြေဧက ၁၀၀၀၀၀ သို့ ရေပေးဝေနိုင်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေဧက ၃၀၀၀၀ အတွက် ရေပေးဝေလျက်ရှိသည့် ဘော်ဘင်ရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

## ဘော်ဘင် ရေလှောင်တမံ

* ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်နှင့် ဇီးကုန်းမြို့နယ် အကြားတွင်တည်ရှိသည်။
* ဘော်ဘင်ချောင်းပေါ်တွင် တည်ဆောက်ထားပြီး တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။
* ပင်မတမံ ပေ ၉၁၀ ရှိပြီး ရေကူတမံမှာ ပေ ၁၅၉၀ ရှိသည်။
* အကျိုးပြုလယ်ယာမြေဧကမှာ ၃၀၀၀၀ ဖြစ်သည်။

သတင်းမှတ်စု မောင်ငြိမ်းအေး

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ရေသိုလှောင်ထားရှိမှုကို တွေ့ရစဉ်။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

## တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၅) သူရတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် မေ ၆

**တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၅)သူရတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက် မိန့်ခွန်းပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကလောတပ်နယ်မှူး၊ ဗထူးတပ်နယ်မှူးများနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ သင်တန်းဆင်း ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၅)သူရတပ်ခွဲမှ အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်လောင်းရဲမြင့်ချိုအား ငွေဓားဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူ၍ ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးပြီးနောက် ဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၅)သူရတပ်ခွဲမှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ်- ၁၄၀ ဗိုလ်လောင်းရဲမြင့်ချိုအား ငွေဓားဆုချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးထွန်းတို့နှင့်အတူ ရိပ်သာဧည့်ခန်းမ၌ ထူးချွန်ဆုရ ဗိုလ်လောင်းရဲမြင့်ချိုနှင့် ၎င်း၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်အရ လာမည့်နှစ်တွင် ဆန်တန်ချိန်တစ်သန်း တင်ပို့မည်

## ဆန်စပါးတိုးမြှင့်ထုတ်လုပ်ရေးနှင့် ပြည်ပဆန်တိုးမြှင့်တင်ပို့ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၆

**ဆန်စပါးတိုးမြှင့်ထုတ်လုပ်ရေးနှင့် ပြည်ပဆန်တိုးမြှင့်တင်ပို့ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဆန်စပါးအထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်သမားဘဝ ဝင်ငွေနှစ်ဆ တိုးတက်ရေးနှင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ လုပ်ငန်းရှင်၊ တောင်သူပိုင်း စိတ်တူကိုယ်တူ ဆန္ဒတူဖြင့် ဆောင်ရွက်လျှင် အောင်မြင်မှုရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ လာမည့်နှစ်တွင် ဆန်တန်ချိန်တစ်သန်း တင်ပို့သွားမည်ဖြစ်ကြောင်း၊ လက်ရှိဆန်စပါးပိုလျှံနေသော ဧရာဝတီ၊ ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင် ဇုန်အလိုက်သတ်မှတ်ပြီး ပြည်ပတင်ပို့နိုင်ရေး ဆောင်ရွက်သွားရန် လမ်းညွှန်ထားကြောင်း၊ လာမည့်နှစ်၌ နေပြည်တော်တွင် ပုလဲသွယ် စပ်မျိုးစပါးကို ဧက ၅၀၀၀၀ စိုက်ပျိုးသွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်း၊ ဈေးကောင်းသည့် ဘာစမာတီ စပ်မျိုးနှင့် ပုလဲသွယ် စပ်မျိုးများကို ပြည်တွင်း/ပြည်ပ ပညာရှင်များပူးပေါင်းပြီး လာမည့်နှစ်ရာသီတွင် ဧကတစ်သိန်းကျော် စိုက်ပျိုးနိုင်ရန် ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းရန်အတွက် ခေတ်မီဆန်စက်များ တည်ထောင်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

**ဆန်စပါးတိုးမြှင့်ထုတ်လုပ်ရေးနှင့် ပြည်ပဆန်တိုးမြှင့်တင်ပို့ရေး ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။**

(သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချသည်အထိ ပါဝင်လုပ်ကိုင်နေကြသူအားလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဆန်ပြည်ပတင်ပို့မှုအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၈ ဒသမ ၄၄၂ သိန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၂၄ သန်းကျော် တင်ပို့နိုင်ခဲ့သည့်အတွက် ယခင်နှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တင်ပို့မှု တန်ချိန် ၅ ဒသမ ၃၆၈ သိန်းထက် ပိုမိုတင်ပို့နိုင်ခဲ့ပါကြောင်း၊ အထွက်နှုန်းကောင်းပြီး အရည်အသွေးလည်းကောင်းသည့် စပါးမျိုးများ ရွေးချယ်စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းဖူလုံမှု ပိုမိုလာမည်ဖြစ်သကဲ့သို့ ပြည်ပတင်ပို့မှုကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဈေးကောင်းရရှိရေးနှင့် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်စေရန်အတွက် ကုန်သွယ်လုပ်ငန်းခွန် (၈ ရာခိုင်နှုန်း) ကောက်ခံနေခြင်းအား ၂၀၁၂ ခုနှစ် ဩဂုတ် ၁၄ ရက်အထိ ကင်းလွတ်ခွင့်ပြုပေးထားပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက နိုင်ငံတော်က ထုတ်ပြန်ထားသည့် လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများကို ရှင်းလင်းတင်ပြပြီး လယ်သမားများ ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မျိုးစေ့ဇုန်များ ပေါ်ထွက်လာရေး၊ ဝန်ကြီးဌာန၏ ခြံများနှင့် ဆန်စပါးအထူးပြုကုမ္ပဏီများပူးပေါင်း၍ ဒေသရေမြေနှင့် ကိုက်ညီပြီး ဈေးကွက်ရရှိသည့် အထူးအထွက်တိုး မျိုးကောင်းများ ထုတ်လုပ်သွားရေးတို့ကို ဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ်များမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးများက မိမိဒေသအလိုက် မိုးစပါး၊ နွေစပါး စိုက်ပျိုးထွက်ရှိမှု၊ ရေရရှိမှုနှင့် အထွက်တိုးစပါးများ စိုက်ပျိုးနိုင်မှုအခြေအနေများကို တင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အထူးပြု ကုမ္ပဏီများမှ တာဝန်ရှိသူများက စပါးစိုက်တောင်သူများအတွက် မျိုး၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်ပံ့ပိုးပေးနေမှု အခြေအနေများနှင့် နိုင်ငံတော်အပိုင်းက ပံ့ပိုးပေးရန် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်မြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့်အား

## တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့ တွေ့ဆုံ

**ရန်ကုန် မေ ၆**

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့်အား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ လျောင်နင်းပြည်နယ် တာ့လျန်မြို့ ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် တာ့လျန်မြို့ ဒုတိယမြို့တော်ဝန် Ms. Cao Aihua ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၁)၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ချစ်ကြည်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

# အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှုသင်တန်း ဆင်းပွဲကျင်းပ

**နေပြည်တော် မေ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက တာဝန်ယူ ဖွင့်လှစ်ခဲ့သော နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ စမတောင် “မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်” အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁)နှင့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ပရဟိတကျောင်း၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ထူးချွန်ဆုရရှိသူ မစုစုမွန်နှင့် အခြေခံအိမ်တွင်းမှုသင်တန်းတွင် ထူးချွန်ဆုရရှိသူ မဇာဇာအေးတို့အား အပ်ချုပ်စက်တစ်စုံစီ ပေးအပ်ချီးမြှင့်သည်။

**ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ စမတောင် “မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်” အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၁)နှင့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းငွေဦးက သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် ဧည့်သည်တော်များသည် သင်တန်းသူများ ချုပ်လုပ်ထားသောလက်ရာများကို ကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် အဆိုပါသင်တန်းမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကုန်သည်လုပ်ငန်းရှင်များက တောင်သူလယ်သမားများအား အရင်းအနှီးထောက်ပံ့၍ လယ်သမားများက အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း ပုလဲသွယ်ဆန်များ စိုက်ပျိုးထုတ်လုပ်

**နေပြည်တော် ဧပြီ ၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာန တာဝန်ခံများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းနှင့် ဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ အမှုဆောင်များ၊ မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ ဂန့်ဂေါနှင့် မကွေးခရိုင်တို့မှ လေ့လာရေး တောင်သူလယ်သမား ၈၀၊ ဧရာဝတီတိုင်းဒေသကြီး မြို့နယ်အသီးသီးမှ တောင်သူလယ်သမား ၂၉၀၊ ကရင်ပြည်နယ် သံတောင်၊ ကြာအင်းဆိပ်ကြီး၊ ဖာပွန်နှင့် လှိုင်းဘွဲ့တို့မှ တောင်သူလယ်သမား ၁၁၀ နှင့်အတူ ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်စပ်တည်း ၃၆၉ ဧက စိုက်ကွင်း၌ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို ကြည့်ရှုပြီး ပုလဲသွယ်ဆန်များကို ပြည်ပမှ တစ်လ တန်ချိန်နှစ်သောင်းခန့် တင်ပို့ပေးရန် ကမ်းလှမ်းလျက်ရှိရာ တိုင်းပြည်ပို့ကုန် တိုးတက်ရန် တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များ အပြန်အလှန် ယုံကြည်စွာဖြင့် Public - Private-Partnership" PPP" ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များက တောင်သူလယ်သမားများအား အရင်းအနှီးထောက်ပံ့၍ လယ်သမားများက အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း ပုလဲသွယ်ဆန်များ စိုက်ပျိုးထုတ်လုပ်ကြရန်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်၊ ဈေးကွက်အထိ ကူညီပေးရန်အသင့်ရှိပြီး သုတေသနရလဒ်များကို လယ်ကွင်းထဲအရောက် (Lab to Farm) ဆောင်ရွက်ပေးနေကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအုန်းသန်းက စပ်မျိုးစပါးများ၏ အားသာချက်နှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက တစ်ပင်တည်းမှ ပင်ပွား ၃၃ ပင် ထွက်ရှိပြီး အနှံများပါ အောင်မြင်ဖြစ်ထွန်းနေမှု၊ အမြစ်အားကောင်းမှုများ၊ ဆန်စပါးနမူနာများကို ပြသသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ တောင်သူ ဦးကျော်ဝင်းက လက်ဖြင့် စိုက်ခြင်းထက် ခက်ရင်းခွဖြင့် စိုက်နေကြသည့် နည်းဟောင်းအား ပြောင်းလဲရန် တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးက တောင်သူ တစ်ပိုင်တစ်နိုင် စိုက်ပါက G.A.P ဖြင့် ဆောင်ရွက်ပြီး ဧကအများအပြားကို ခေတ်မီစက်ကိရိယာများဖြင့် စိုက်ပျိုးရိတ်သိမ်းခြင်း (Mechanization)ဖြင့် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**တိုင်းဒေသကြီးနှင့် ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးများ၊ လေ့လာရေးတောင်သူများအား ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ ပုလဲသွယ် စပ်မျိုးစပါး တစ်ကွင်းတစ်စပ်တည်း ၃၆၉ ဧက စိုက်ကွင်း၌ ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရအဖွဲ့သို့ ကမ်းလှမ်းလာသော ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် နိုင်ငံတော်အစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည် ငြိမ်းချမ်းရေး ဆက်လက် ဖော်ဆောင်နိုင်ရေးကိစ္စ ဆွေးနွေးပွဲတက်ရောက်ရန် ဧပြီ ၅ ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်သို့ ရောက်ရှိလာရာ ရထားပို့ဆောင်ရေး အထွေထွေ အတွင်းရေးမှူးချုပ် နော်ဇီဖိုးရာစိန် ဦးဆောင်သည့်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ကရင်

**ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့ နှင့် ကရင်အမျိုးသားအစည်း အရုံး (KNU) ငြိမ်းချမ်း ရေး ဖော်ဆောင်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ၊ ကရင်တိုင်းရင်းသားအဖွဲ့အစည်းများက ကြိုဆိုကြသည်။

ညပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ကရင်အမျိုးသားအစည်းအရုံး (KNU) အမျိုးသားအစည်းအရုံး (KNU) မှ နော်ဇီဖိုးရာစိန်တို့က ကျေးဇူးတင်စကား အပြန်အလှန်ပြောဆိုကြသည်။

ထို့နောက် ဧပြီ ၆ ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးဝင်းထွန်း၊ ဦးဇော်မင်း၊ ဦးခင်ရီ၊ ဦးခင်မောင်စိုးနှင့် ဦးသန်းငွေ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် တာဝန်ရှိသူများ၊ ကရင်အမျိုးသားအစည်းအရုံး(KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အထွေထွေအတွင်းရေးမှူးချုပ် နော်ဇီဖိုးရာစိန်နှင့် ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးတို့ ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် နှစ်ဖက်အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်များနှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)မှ အထွေထွေအတွင်းရေးမှူးချုပ် နော်ဇီဖိုးရာစိန်နှင့် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးတို့ ဦးဆောင်သည့်အဖွဲ့ဝင်များသည် အပစ်အခတ်ရပ်စဲရေး ရေရှည်တည်တံ့ခိုင်မြဲနိုင်ရေး၊ ဆက်ဆံရေးရုံးများထားရှိဖွင့်လှစ်နိုင်ရေး၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်က ကရင်အမျိုးသားအစည်းအရုံး(KNU)မှ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဆက်လက်ဆွေးနွေးရန် တင်ပြထားသည့် အချက် ၁၁ ချက်အနက်မှ ခြောက်ချက်အား အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကရင်ပြည်နယ် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဧပြီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည် ငြိမ်းချမ်းရေးဆက်လက်ဖော်ဆောင်နိုင်ရေးကိစ္စ တွေ့ဆုံဆွေးနွေးရန်အတွက် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဟိုတယ်ဇွဲကပင်သို့ ဧပြီ ၄ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက စည်ကားသိုက်မြိုက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ဆက်လက်၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဟိုတယ်ဇွဲကပင်ခန်းမ၌ ငြိမ်းချမ်းရေးဆက်လက်ဖော်ဆောင်နိုင်ရေးကိစ္စ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး(ပထမတန်း)(ပြည်သူ့စစ်)၊ ပြည်နယ်ဥပဒေချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများ၊ ကရင်အမျိုးသားအစည်းအရုံး(KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အထွေထွေအတွင်းရေးမှူးချုပ် နော်ဇီဖိုးရာစိန်နှင့် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့များနှင့် နှစ်ဖက်အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် အပစ်အခတ်ရပ်စဲရေး ရေရှည်တည်တံ့ခိုင်မြဲနိုင်ရေး၊ ဆက်ဆံရေးရုံးများ ထားရှိဖွင့်လှစ်နိုင်ရေးတို့နှင့်ပတ်သက်၍ အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြပြီး ညပိုင်းတွင် ဘားအံမြို့ ဟိုတယ်ဇွဲကပင်၌ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကရင်အမျိုးသားအစည်းအရုံး(KNU)အထွေထွေအတွင်းရေးမှူးချုပ် နော်ဇီဖိုးရာစိန် ဦးဆောင်သည့်အဖွဲ့အား ထာဝရငြိမ်းချမ်းရေး အထိမ်းအမှတ်အဖြစ် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကရင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေကြရာ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့များက အမှတ်တရပန်းခြင်းများ၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆက်လက်ဖော်ဆောင်နိုင်ရေးကိစ္စ တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ဧပြီ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ကရင်အမျိုးသားအစည်းအရုံး(KNU)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကရင်ပြည်နယ် ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဟိုတယ်ဇွဲကပင်ခန်းမ၌ ငြိမ်းချမ်းရေးဆက်လက်ဖော်ဆောင်နိုင်ရေးကိစ္စ တွေ့ဆုံဆွေးနွေးပွဲကျင်းပပြီး တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၇-၄-၂၀၁၂ (စနေနေ့)**

၇:၀၀ ပရိတ်တရားတော်
-ယောဆရာတော်
ဟောကြားတော်မူသော
ဥပ္ပါတသန္တိပါဠိတော်
၈:၂၅ ခါသကြိန်အဆိုအကများ
၈:၄၀ International News
၁၁:၂၅ ချစ်စရာ့တာသကြိန်
၁၂:၀၀ တစ်ပတ်အတွင်း
ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၂:၃၀ ရုပ်မြင်ရသတေးစုကဏ္ဍ
၂:၅၀ International News
၄:၂၅ "မပြောမပြီး မတီးမမြည်"
၄:၄၀ အဝေးသင်တက္ကသိုလ်
ပညာရေးရုပ်မြင်သံကြား
သင်ခန်းစာ
-တတိယနှစ် (သတ္တဗေဒအထူးပြု)
(သတ္တဗေဒ)
၅:၁၀ "ဆေးဝါးယဉ်ပါးမှုအန္တရာယ်
ကာကွယ်ဖို့
အားလုံးပူးပေါင်းတိုက်ဖျက်စို့"
၅:၂၀ လှပစုံလင်အာဆီယံတစ်ခွင်
၆:၃၅ အနုပညာရှင်နှင့်
ရင်ခုန်စရာညချမ်း
၇:၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ**
**"အချစ်ချိုချိုကြင်နာပို"**
**(အပိုင်း-၂၇)**
၈:၀၀ ပြည်တွင်းသတင်း
-နိုင်ငံတကာသတင်းများ
-မိုးလေဝသအခြေအနေ
**-ကာတွန်းအစီအစဉ်**
**"တောကောင်ငယ်**
**သိုင်းညီနောင်လေးများ"**
**(ဒုတိယတွဲ)**
**(အပိုင်း-၁၀၅)**
-ဂီတတံခါးလေးဖွင့်ပါဦး

# ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်များနှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေး

နေပြည်တော် ဧပြီ ၆

**ရခိုင်ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း ဦးဆောင်သော အဖွဲ့ဝင်သုံးဦးနှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီမှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) ခိုင်သုခ ဦးစီးသော ကိုယ်စားလှယ်အဖွဲ့တို့သည် ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် စစ်တွေဟိုတယ်၌ နှစ်ဦးနှစ်ဖက် သဘောတူညီမှုများအား ပြေလည်မှုရရှိသည်အထိ ညှိနှိုင်းခဲ့ကြသည်။**

ငင်းနောက် ဧပြီ ၅ ရက် နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီမှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် စစ်တွေဟိုတယ်၌ ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး နှစ်ဦးနှစ်ဖက်သဘောတူညီခဲ့သော အောက်ပါအချက်များအား ပြည်နယ်ဝန်ကြီးချုပ်၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ခဲ့ကြသည် -

(က) တပ်မတော်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီတို့သည် ၂၀၁၂ခုနှစ်၊ ဧပြီလ ၆ ရက်နေ့မှစ၍ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားရန်၊

(ခ) နှစ်ဦးနှစ်ဖက် အပြန်အလှန်ပြောဆို၊ ဆက်ဆံ၊ ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် နှစ်ဖက်သဘောတူညီသော အောက်ဖော်ပြပါနေရာများတွင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ၏ ဆက်ဆံရေးရုံးများကို ဖွင့်လှစ်ရန်၊

(၁) ပလက်ဝ

(၂) ကျောက်တော်

(ဂ) အပစ်အခတ် ရပ်ဆိုင်းထားစဉ်ကာလအတွင်း နှစ်ဦးနှစ်ဖက်သဘောတူညီထားသော နေရာများမှအပ နယ်မြေကျော်လွန်၍ လက်နက်ကိုင်ဆောင်သွားလာမှုများကို နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရန်၊

**ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီမှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ နှစ်ဦးနှစ်ဖက်သဘောတူညီချက်များအား လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြစဉ်။**

(သတင်းစဉ်)

(ဃ) အပစ်အခတ် ရပ်စဲထားစဉ်ကာလအတွင်း ရခိုင်ပြည်လွတ်မြောက်ရေးပါတီဝင်များအား လက်နက်ကိုင်ဆောင်ခြင်းမပြုဘဲ လွတ်လပ်စွာ ခရီးသွားလာခွင့်ပြုရန်၊

(င) ပြည်ထောင်စုအစိုးရက ဖွဲ့စည်းသည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီမှဖွဲ့စည်းသည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့များသည် နှစ်ဦးနှစ်ဖက် သဘောတူညီသောနေရာ၊ သဘောတူညီသော အချိန်ကာလတွင် ရခိုင်ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကိစ္စရပ်များ ဖော်ဆောင်နိုင်ရေးအတွက် ဆက်လက်တင်ပြညှိနှိုင်း ဆွေးနွေးသွားကြရန်၊

ထို့နောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်က ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

**၇-၄-၂၀၁၂ (စနေနေ့)**

၅း၄၀ "ဓမ္မာနုပဿနာ သတိပဋ္ဌာန်" တရားတော် (ဆရာတော်ဦးဃောသိတ)

၁၀း၁၅ ခါသကြန်အဆိုအကများ

၁၁း၂၅ တက်ကြွကျန်းမာအသက်ရှည်ပါ (ပါမောက္ခဒေါက်တာမြဟန်၊ အကယ်ဒမီချိုပြုံး၊ နန်းဆုရတီစိုး)

၁၂း၃၅ ရန်ကုန်မြင်ကွင်းကျယ် (Now Open Junction Square Shopping Centre)

၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၄)**

၄း၀၀ MNL MYANMAR 2012 (Southern Myanmar F.C Vs Magway F.C) (LIVE)

၆း၁၅ နှစ်သစ်ကူးတဲ့ တန်ခူးလသင်္ကြန်

၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၄၅)**

၈း၅၀ Movie Talk (နှစ်သစ်တူပြိုင်ပိတောက်မြိုင်) (ဒါရိုက်တာကြည်စိုးထွန်း) (အပိုင်း-၃)

၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၁၂၂)**

၁၀း၅၅ Barclays Premier League (Stoke City Vs Wolves)

၂း၃၅ ရသစုံလင်စိမ်းလဲ့တင်ရဲ့ ပျိုးဥယျာဉ်

## ဇော်လင်းထွန်း၊ ဆာဆာတို့၏ ဂိုးများဖြင့် ဧယျာရွှေမြေ ဂိုးပြတ်နိုင်

**ရန်ကုန် ဧပြီ ၆**

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၁၃)ပထမနေ့ ပွဲစဉ်အဖြစ် ဇွဲကပင်ယူနိုက်တက်နှင့် ဧယျာရွှေမြေအသင်းတို့သည် ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဧယျာရွှေမြေအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**ဧယျာရွှေမြေ-နှစ်ဂိုး**
**(ဇော်လင်းထွန်းနှင့် ဆာဆာ)**
**ဇွဲကပင်ယူနိုက်တက်-ဂိုးမရှိ**

ရာသီဝက် ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိသည့် ဧယျာရွှေမြေအသင်း အမှားအယွင်းမရှိ ဇွဲကပင်ကို အနိုင်ယူကာ အမှတ်ပြည့်ရရှိခဲ့သည်။ မင်းသူမှလွဲ၍ ဧယျာရွှေမြေအသင်းမှာ လူစုံအသုံးပြုခဲ့သော်လည်း ဇွဲကပင်အသင်း၏ ခံစစ်ကစားပုံကြောင့် ဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ ၂၅ မိနစ်တွင် အသင်းခေါင်းဆောင် ဇော်လင်းထွန်းက ပယ်နယ်တီဧရိယာအစပ်မှ ကန်သွင်းယူခဲ့၍ ဧယျာရွှေမြေ ဂိုးစရခဲ့ပြီး ဒုတိယဂိုးကို မိနစ် ၅၀တွင် ဆာဆာက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

**ယနေ့ပွဲ**
**(ဗထူးကွင်း)**
ရတနာပုံ - နေပြည်တော်
**(အောင်ဆန်းကွင်း)**
မောရဝတီ - ရန်ကုန်
**(သုဝဏ္ဏကွင်း)**
Southern - မကွေး

**သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်**

**ဧယျာရွှေမြေအသင်းခေါင်းဆောင် ဇော်လင်းထွန်း၏ ထိုးဖောက်မှုကို ဇွဲကပင်နောက်ခံလူများ ဖျက်ထုတ်နေစဉ်။**

## အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၂) အနိုင်/အရှုံးရလဒ်

၆ - ၄ - ၂၀၁၂

ဆွမ်ဆီး ၀ - ၂ နယူးကာဆယ်

## နွေရာသီ အခြေခံဘိုးလင်းသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၆**

၂၀၁၂ ခုနှစ် နွေရာသီအခြေခံ ဘိုးလင်းကစားနည်းသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ဦးဘကျော်လမ်းရှိ Right Track Bowling အားကစားခန်းမ၌ကျင်းပရာ သင်တန်းသား သင်တန်းသူများက ဘိုးလင်းအားကစားနည်းကျွမ်းကျင်မှု သရုပ်ပြသကြပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

## ဖတ်စရာ မှတ်စရာ

# စပ်ကူးမပ်ကူး

**အောင်ကျော်ညို(ဆင်ချဆိပ်)**

ကျောင်းဆရာဘဝ နှစ်ပေါင်းလေးဆယ်ကျော် "နာသုံးနာ" နှင့် မွေ့လျော်ပျော်လာခဲ့ပြီး အနားယူလိုက်ချိန်တွင် နောက်ထပ်တစ်နာ တိုးလာခဲ့သည်။ ကလေးတွေကြား နွေးထွေးမှုမှသည် အထီးကျန်ဘဝ ကူးပြောင်းစ စပ်ကူးမပ်ကူးကာလတွင် နောက်တိုး "ပင်စင်နာ" ကြောင့် အသက်ထိအောင် အန္တရာယ်ဖြစ်စေခဲ့သော သာဓက များရှိခဲ့သည်။ ယခုနိုင်ငံတော်၏ စေတနာကြောင့်ပင် ပင်စင်နာဘဝ သက်သာရာရခဲ့သည်။

"အိုမင်းမစွမ်း" ဝေါဟာရကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းက "အိုရင်မင်းမစွမ်းတော့ဘူးပေါ့ကွာ" ဟု ဟာသနှောပြောခဲ့ဖူးသည်။ ဝန်ထမ်းဘဝ အိုမင်းမစွမ်းကို နိုင်ငံတော်က သတ်မှတ်ပေးသည်။ အသက် (၆၀)ပြည့်သည်နှင့် ပင်စင်ခေါင်းစဉ်အောက်မှာ မအိုမနေရ "အို" လိုက်ရသည်။ "မိုးမပြို ပြိုခဲ့သော်" စဉ်းစားကြည့်မိပါသည်။ "သမားဆို အိုမှ" ဆိုစကားနှင့်အညီ ဆရာအိုများသည် သင်ကြားမှုစီမံခန့်ခွဲမှု နယ်ပယ်အသီးသီးတွင် ကျွမ်းကျင်လိမ္မာပညာပြည့်ဝ နှလုံးလှသူများဖြစ်ကြရာ ယခုလိုယောကျ်ားဆရာ ရှားပါးချိန်တွင် "သစ်မရောက်ခင် ဝါးကူ" ခွင့်ပြုဦးမည်ဆိုပါက ပညာရေးတွင် အကျိုးဖြစ်ထွန်းနိုင်ပါဦးမည်။ "စီးသည့်ရေ ဆည်သည့်ကန်သင်း" တစ်ဖက်တစ်လမ်းမှ ယောကျ်ားဆရာအင်အားကို ထိန်းပေးရာလည်း ရောက်နိုင်ပါသေးသည်။ ဆရာအိုတစ်ဦး၏ စိတ်သန်ရာ သာမန်အမြင်အတွေးသာ ဖြစ်ပါသည်။

"အိုခြင်း"ပြီးလျှင် နာခြင်းနှင့် သေခြင်းတို့အတွက် ပြင်ဆင်ရဦးမည်။ ဦးစွာနာခြင်းကြုံလာသောအခါ ဆေးရုံ၊ ဆေးခန်းဟူသည် ပင်စင်စားတစ်ဦးအတွက် အလှမ်းဝေးသွားပြီ။ ဆရာကြီး သာဂဒိုး ပြုစုခဲ့သော တိုင်းရင်းဆေးစာအုပ်များနှင့် လက်လှမ်းမီရာ ဆေးစာအုပ်များ ကြိုတင်စုဆောင်းခဲ့သည်။ တစ်ဖက်တွင် ဒေါက်တာမင်းတင်မွန်မှတစ်ဆင့် သိခွင့်ရခဲ့သည့် တော်ကူးဆရာတော်ကြီး၏ ရောဂါဝေဒနာများအပေါ် သက်သာပျောက်ကင်းစေခဲ့သော နည်းနာများအတိုင်း ဘုရားကိုဖက်ပြီး တရားနည်းနှင့် ကုစားမည်။ "တိုင်းရင်းဆေး၊ ဘုရားဆေး" များနှင့် ကုစားမရနိုင်ပြီဆိုပါက ဘုရား၊ ရဟန္တာများတောင် မလွန်ဆန်နိုင်သော "ဝဋ်နာ၊ ကံနာ" ဟုသာ ခံယူပြီး သေခြင်းတရားကို ရင်ဆိုင်သွားရမည်သာ။ သေပြီးသည့်နောက် ပြဿနာမရှိ။ နာရေးကူညီမှုအသင်းရှိသည်။ အရေးကြီးသည်မှာ မသေမီခဏ ရင်ဆိုင်ရမည့် ဝေဒနာဆိုး။ လူ့သက်တမ်းတစ်လျှောက်တွင် သေအံ့မူးမူးအချိန် စပ်ကူးမပ်ကူး ထိုခဏသည် အရေးကြီးဆုံးဖြစ်သည်။

သိရိမ္မာသောကမင်းကြီး ထိုခဏမှာ ဒေါသဝင်ခဲ့၍ သေပြီးသည်နှင့် စပါးကြီးမြွေဖြစ်သွားခြင်းအကြောင်း၊ တရားအားထုတ်နေဆဲ ကျားဆွဲခံရပြီး ကွယ်လွန်ခါနီး ကျားပါးစပ်ဝမှာ တရားထူးရသွားသော ရဟန်းကြီးတစ်ပါးအကြောင်းများကို ဖတ်၊ မှတ်ဖူးသည်။ ဘဝ၏နောက်ဆုံးအချိန် အရေးကြီးသော စပ်ကူးမပ်ကူး ခဏတာလေးများဖြစ်ပါသည်။ ထိုခဏတာကို ကျော်လွှားနိုင်ဖို့ ကိုယ်ပိုင်လုပ်ငန်းကို ဖိဖိစီးစီးလုပ်ထားနိုင်မှ တော်ကာကျမည်။ ဝန်ထမ်းဘဝနှစ်ပေါင်း (၄၀)ကျော် မည်မည်ရရ မလုပ်အားခဲ့သော ကိုယ်ပိုင်လုပ်ငန်းကို ယခုမှစလုပ်ဖြစ်သည်။

ကိုယ်ပိုင်လုပ်ငန်းဆိုသည်မှာ ငွေကြေးနှင့် ရင်းနှီးရသော စီးပွားရေးလုပ်ငန်း မဟုတ်ပါ။ ကံနှင့်စိတ်ကို တစ်ထပ်တည်းကျအောင် သတိဦးစီး၊ ရှုမှတ်ပွားများ လုပ်ကိုင်ရသော "ဘာဝနာ" လုပ်ငန်းဖြစ်သည်။ တစ်နည်း -အာနာပါနနည်းနှင့် ဖြစ်ပေါ်လာသောဝေဒနာကို နာနာရှုမှတ်ရင်း အသေတတ်အောင် လေ့ကျင့်ခြင်း၊ မိုးကုတ်ဆရာတော်ကြီး၏ "အသေမဦးခင် ဉာဏ်ဦးအောင်" ကြိုးစားအားထုတ်ရသော အစစ်အမှန်ကိုယ်ပိုင်လုပ်ငန်း။

ကျန်အချိန်များတွင် စာရေးခြင်း၊ စာဖတ်ခြင်းဖြင့် ပင်စင်ဘဝစပ်ကူးမပ်ကူးကာလကို "ယောနိသော မနသိကာရ" သင့်တင့်မျှတနှလုံးသွင်းလျက် ဖြတ်သန်းခဲ့သည်။ တစ်နည်း -သုံးလတာပင်စင် "ရက်တစ်ရာ"ကို တည်ငြိမ်အေးဆေး လွန်မြောက်လာနိုင်ခဲ့ပါသည်။

"အသွင်ကူးပြောင်းစ စပ်ကူးမပ်ကူးကာလ" ဟူသည်မှာ နယ်ပယ်အသီးသီးတွင် ရှိမြဲဖြစ်သည်။ သတိသမ္ပဇဉ်တရားနှင့် ယှဉ်လျက် ဉာဏ်ကိုရှေ့ထား ဖြတ်ကျော်ရမည့် ခရီးတိုတစ်ခုဖြစ်ပြီး အနာဂတ်ဘဝ အကောင်းအဆိုးကို အဆုံးအဖြတ်ပြုနိုင်စွမ်းသော အချိန်အခါကောင်းလည်းဖြစ်သလို မှားလျှင်ပြင်ချိန်မရနိုင်တော့သည့် အန္တရာယ်ပြွမ်းသော ကာလအပိုင်းအခြားတစ်ခုလည်း ဖြစ်ကြောင်းပါခင်ဗျာ။ ။

## အိုးထရက်ဖို့ဒ်ကို စွန့်ခွာမည်လား ဘာဘာတော့ဗ်

**မန်ချက်စတာ ဧပြီ ၆**

မန်ယူတိုက်စစ်မှူး ဒီမီတာဘာဘာတော့ဗ်(**ယာပုံ**)သည် ယခုနှစ်နွေရာသီတွင် အိုးထရက်ဖို့ဒ်မှ စွန့်ခွာကာ အစ္စတန်ဘူလ်သို့ ပြောင်းရွှေ့ကစားတော့မည်ဖြစ်ကြောင်း တူရကီသတင်းဌာနများက သတင်းဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဘာဘာတော့ဗ်သည် စူပါလိဂ်ကလပ်ဖြစ်သည့် အစ္စတန်ဘူလ်၏ အင်အားကြီး ဂလက်တာဆာရေးအသင်းသို့ ပြောင်းရွှေ့ရေး သဘောတူညီချက်ရရှိရန် အလွန်နီးစပ်နေပြီဖြစ်ကြောင်း တူရကီသတင်းဌာနများက ပြောကြားသည်။

ထို့ပြင် ဘာဘာတော့ဗ်၏ မန်ယူအသင်းနှင့် စာချုပ်သက်တမ်းမှာလည်း ယခုနှစ်နွေရာသီအကုန်တွင် အဆုံးသတ်တော့မည်ဖြစ်ရာ မန်ယူအသင်းနည်းပြ ဆာအဲလက်စ် ဖာဂူဆန်အနေဖြင့် ဘာဘာတော့ဗ်၏ ဆန္ဒအရ ပြောင်းရွှေ့လိုပါက မိမိအနေဖြင့် အသင့်အနေအထားတွင် ရှိကြောင်း လူသိရှင်ကြား ပြောကြားခဲ့သည်။

အဆိုပါ ဘူဂေးရီးယားနိုင်ငံသား ဘာဘာတော့ဗ်သည် ဂလက်တာဆာရေးအသင်းသို့ ပြောင်းရွှေ့ကစားမည့်ကိစ္စ



နှင့်ပတ်သက်၍ လုပ်ဆောင်နေသည်ဟု သတင်းများက ဖော်ပြသည်။

အသက်(၃၁)နှစ်အရွယ်ရှိပြီဖြစ်သော ဘာဘာတော့ဗ်သည် ပရီမီယာလိဂ်တွင် ဂိုးသွင်းဘုရင်အဖြစ် နာမည်ရခဲ့သူဖြစ်သော်လည်း ၎င်းအနေဖြင့် ဂလက်တာဆာရေးအသင်းသို့ ပြောင်းရွှေ့ရန်မှာမူ ရည်ရွယ်ရုံသက်သက်မျှသာ ဖြစ်သည်ဟုလည်း ဆိုသည်။ ***အင်တာနက်။***

**နိုင်လင်းကြည်**

# ရော်ဘာ၊ ဆီအုန်း၊ စားသောက်ကုန် စသည့်လုပ်ငန်းများတွင် အသေးစားနှင့် အလတ်စားစက်ရုံ တည်ထောင် မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်သုံးခု ထူထောင်ဆောင်ရွက်သွားမည်ဖြစ်ရာ ရင်းနှီးမြှုပ်နှံနိုင်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံရှင်းလင်း

နေပြည်တော် ဧပြီ ၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် Korea-Myanmar Economic Cooperation Forum 2012 သို့ တက်ရောက်လာကြသည့် ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economyမှ ဒုတိယဝန်ကြီး Mr. Cho Seok ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များအား ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) VIP Holding Room ၌ လက်ခံတွေ့ဆုံသည်။**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Korea-Myanmar Economic Cooperation Forum 2012 သို့ တက်ရောက်လာကြသည့် ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ဒုတိယဝန်ကြီး Mr. Cho Seok ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) VIP Holding Room ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae- Yong တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နှုတ်ခွန်းဆက်ပြောကြားရာ၌ ယခုစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ လာရောက်သည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ချစ်ကြည်ရင်းနှီးမှုကဏ္ဍများတွင် ပိုမိုတိုးမြှင့်တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိကာလ စီးပွားရေးအခြေအနေများကို လေ့လာကာ အနာဂတ်အခွင့်အလမ်းကောင်းများကို ချဉ်းကပ်သုံးသပ်လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ထို့အပြင် နိုင်ငံ၏ ထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်(Value Added)များအဖြစ် ဆောင်ရွက်နိုင်ရေး၊ IT ကဏ္ဍတွင် နည်းပညာပိုင်းဆိုင်ရာ အကူအညီနှင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိနိုင်သည့် ရော်ဘာ၊ ဆီအုန်း၊ စားသောက်ကုန် စသည့်လုပ်ငန်းများတွင် အသေးစားနှင့် အလတ်စားစက်ရုံ တည်ထောင်နိုင်ရေး၊ မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်သုံးခု ထူထောင်ဆောင်ရွက်သွားမည်ဖြစ်ရာ ထားဝယ်အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်သကဲ့သို့ သီလဝါအထူးစီးပွားရေးဇုန်ကို ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်စပ်၍ ကားလမ်း၊ ရထားလမ်းဆိုင်ရာ အဆင့်မြှင့်တင်မှုများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေး၊ **စာမျက်နှာ ၃ ကော်လံ ၃ သို့** ☆

အင်တာနက် စိုက်ပျိုးရေးသိပ္ပံသတင်း ဘာသာပြန် - စံစံ

# မြို့ပြဒေသ ဖန်လုံအိမ်စိုက်ခင်းများ ကမ္ဘာတစ်ဝန်း၌ ခေတ်စားလာမည်

ရောမ ဧပြီ ၆

**ယခု ရာစုနှစ်ထက် နောက်မကျစေဘဲ ကမ္ဘာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် မြို့ကြီးများတွင် ရှိနေမည်ဖြစ်ရာ မြို့ပြဒေသများရှိ အဆောက်အအုံများပေါ်တွင် စိုက်ခင်းများကို ထူထောင်ကာ စိုက်ပျိုးလာကြမည်ဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)၏ ကျွမ်းကျင်သူပညာရှင်များက ပြောကြားသည်။**

အထူးပြုလုပ်ထားသော ဖန်လုံအိမ်များအတွင်း စိုက်ပျိုးထုတ်လုပ်ကြရန် စိုက်ပျိုးရေးသိပ္ပံပညာရှင်များက အကြံပြုတိုက်တွန်းလာခဲ့ကြသည်မှာ နှစ်ပေါင်းအတန်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယနေ့အထိ မြို့ပြစိုက်ခင်းများ ထူထောင်နိုင်မှု အလွန်နည်းပါးနေသေးကြောင်း သုတေသနလေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

သို့ရာတွင် ၂၀၅၀ပြည့်နှစ်ထက်နောက်မကျဘဲ ကမ္ဘာ့လူဦးရေ ၉ ဒသမ ၁ သန်းအထိ ရောက်ရှိလာမည်ဖြစ်ရာ မြို့ပြဒေသ ဖန်လုံအိမ်စိုက်ခင်းများကို မလွဲဧကန် ထူထောင်လာကြရမည်ဖြစ်ကြောင်း အက်ဖ်အေအို၏ လေ့လာချက်တွင် ဖော်ပြသည်။

ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် စီးပွားဖြစ်ထုတ်လုပ်ရောင်းချမည့် မြို့ပြဒေသ ဖန်လုံအိမ်စိုက်ပျိုးရေးခြံတစ်ခြံကို မကြာသေးမီက ဆွီဒင်နိုင်ငံ လင်ကိုပင်မြို့၌ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါ ဖန်လုံအိမ်စိုက်ပျိုးရေးခြံကို ဆွီဒင်-အမေရိကန် ဖက်စပ်ကုမ္ပဏီဖြစ်သော ပလန်တေဂွန်ကုမ္ပဏီက ထူထောင်ဖွင့်လှစ်ခြင်းဖြစ်သည်။

ဆွီဒင်နိုင်ငံ၌ဖွင့်လှစ်သော ဖန်လုံအိမ်စိုက်ပျိုးရေးခြံ၌ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများကို စိုက်ပျိုးမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ စိုက်ပျိုးရေးသိပ္ပံပညာရှင်များ သုတေသနပြုလုပ်နိုင်မည်ဖြစ်သည်။ **အင်တာနက်။**

**ဆွီဒင်နိုင်ငံ၌ ထူထောင်ဖွင့်လှစ်လိုက်သော မြို့ပြဒေသ ဖန်လုံအိမ်စိုက်ခင်းကို တွေ့ရစဉ်။**

ယ နေ့ သ တ င်း အ ညွှ န်း

**ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ အပစ်အခတ်ရပ်စဲရေး၊ ရေရှည်တည်တံ့ခိုင်မြဲနိုင်ရေး စသည်တို့ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ တွေ့ဆုံဆွေးနွေး**

ပြည်တွင်းသတင်း စာမျက်နှာ - ၉

**ဝန်ထမ်း၁၀ အိုမင်းမစွမ်းကို နိုင်ငံတော်က သတ်မှတ်ပေးသည်။ အသက်(၆၀)ပြည့်သည်နှင့် ပင်စင်ခေါင်းစဉ်အောက်မှာ မအိုမနေရ "အို" လိုက်ရသည်။ "သမားဆို အိုမှ" ဆိုစကားနှင့်အညီ . . .**

ယနေ့ ဖတ်စရာ မှတ်စရာ စာမျက်နှာ - ၁၀